# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ ကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော School Bus အမျိုးအစား သတ်မှတ်ချက်(၁၂)ချက်အနက်မှ လက်ရှိ School Bus အများစုဆက်လက်ပြေးဆွဲနိုင်ရေးအတွက် အချက်(၁)ချက်အား နှစ်ကာလအကန့်အသတ်ဖြင့် ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အမှန်တကယ်လိုအပ်နေသော မန်းချောင်း တံတားအထက်ပိုင်း သောင်တူးပေးရန်နှင့် စကုမြို့သို့ ဦးတည်တိုက်စားနေသောနေရာတွင် ရေကာတာ ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၇ | ရမ်းဗြဲမြို့နယ်မှ စစ်တွေမြို့နှင့် တောင်ကုတ်မြို့သို့ ရေကြောင်းခရီးဖြင့် စရိတ်သက်သာစွာ သွားလာဆက်သွယ်နိုင်ရေးအတွက် ရမ်းဗြဲမြို့ ဒေါ်ရထ ဆိပ်ကမ်းနှင့် ကျောက်နီမော်၊ ဟိုးဝဆိပ်ကမ်းတို့တွင် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးပိုင်သင်္ဘောများ ဆိုက်ကပ်ပို့ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၈ | ဖြူးမြို့နယ်ရှိ နွေစပါးစိုက်တောင်သူ လယ်သမားများ၏ လိုးလားချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဆည်ရေသောက်စီမံကိန်းကို လာမည့်နှစ်တွင် ဘတ်ဂျက်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၉ | ဓားမဦးချပြေစာပေါက်လယ်မြေများကို သိမ်းယူပြီး ငါးကန်များတူးဖော်ခြင်း၊ ဂရန်အင်းနယ်မြေများကိုပါ ရေနက်ကွင်း၊ ရေမြုပ်ငါးကန်အဖြစ်တူးဖော်ပြီး ငါးရိုင်းများသွင်း၍ လုပ်စားနေသူနှင့် လေလံအောင် အင်းသမားတို့ အငြင်းပွားနေမှုတွင် နစ်နာသူများက တိုင်ကြားလာခြင်းကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၆ |
| ၁၀ | ကနီမြို့နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်မည့်နေရာ လမ်းကြောင်းများသတ်မှတ်၍ ၂၀၁၉-၂၀၂၀ | ၃၁ |

ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

| | | |
|---|---|---|
| ၁၁ | လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ပြုလုပ်ရာတွင် ပုဂ္ဂိုလ်/အဖွဲ့ အစည်းအမည် ပြောင်းလဲရန် ခက်ခဲနေခြင်းကိစ္စအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃၅ |
| ၁၂ | စိုက်ပျိုးရေး ထုတ်ကုန်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲတတ်အောင် လေ့ကျင့်သင်ကြား ပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ် တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၄၀ |
| ၁၃ | ဦးမြင့်သိန်း၊ ဝက်လက်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၄၇ |
| ၁၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအားဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၄၇ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဥ္စမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၅၁ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**စတုတ္ထနေ့ အစီအစဉ်**

**[ ၂၅-၇-၂၀၁၉ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော School Bus အမျိုးအစား သတ်မှတ်ချက်(၁၂)ချက်အနက်မှ လက်ရှိ School Bus အများစု ဆက်လက်ပြေးဆွဲနိုင်ရေးအတွက် အချက် (၁)ချက်အား နှစ်ကာလ အကန့်အသတ်ဖြင့် ဖြေလျှော့ပေးရန် အစီအစဉ်ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၏ **သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်ရေးအတွက် အမှန်တကယ်လိုအပ်နေသော မန်းချောင်းတံတား အထက်ပိုင်း သောင်တူးပေးရန်နှင့် စကုမြို့သို့ ဦးတည်တိုက်စားနေသော နေရာတွင် ရေကာတာပြုလုပ်ပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်ရွှေ၊ ရမ်းဗြဲ မဲဆန္ဒနယ်၏ **ရမ်းဗြဲမြို့နယ်မှ စစ်တွေမြို့နှင့် တောင်ကုတ်မြို့သို့ ရေကြောင်းခရီးဖြင့် စရိတ်သက်သာစွာ သွားလာနိုင်ရေးအတွက် ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းနှင့် ကျောက်နီမော်၊ ဟုံးဝဆိပ်ကမ်းတို့တွင် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးပိုင် သင်္ဘောများ ဆိုက်ကပ် ပို့ဆောင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးသန်းညွန့်၊ ဖြူး မဲဆန္ဒနယ်၏ **ဖြူးမြို့နယ်ရှိ နွေစပါးစိုက် တောင်သူလယ်သမားများ၏ လိုလားချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဆည်ရေသောက်စီမံကိန်းကို လာမည့်နှစ်တွင် ဘတ်ဂျက်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးကျော်မြင့်၊ တိုက်ကြီး မဲဆန္ဒနယ်၏ **ဓားမဦးချ ပြေစာပေါက်လယ်မြေများကိုသိမ်းယူပြီး ငါးကန်များတူးဖော်ခြင်း၊ ဂရန်အင်းနယ်မြေများကို ရေနက်ကွင်း၊ ရေမြုပ်ငါးကန်အဖြစ်တူးဖော်ပြီး ငါးရိုင်းများသွင်း၍ လုပ်စားနေသူနှင့် လေလံအောင်အင်းသမားတို့ အငြင်းပွားနေမှုတွင် နစ်နာသူများက တိုင်ကြားလာခြင်းကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **ကနီမြို့နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်မည့်နေရာလမ်းကြောင်းများ သတ်မှတ်၍ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးအုန်းလွင်၊ ညောင်တုန်း မဲဆန္ဒနယ်၏ **လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ–၇) ပြုလုပ်ရာတွင် ပုဂ္ဂိုလ်/အဖွဲ့အစည်း အမည်ပြောင်းလဲရန် ခက်ခဲနေခြင်းကိစ္စအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်က **“စိုက်ပျိုးရေးထုတ်ကုန်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် **“မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## စတုတ္ထနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်**

**(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)**

**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၀၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၄၀၃ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၂) ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင် ခွင့် ၁ ရက်၊

(၃) ရွာသာမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊

(၄) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၅) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊

(၆) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၇) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ခွင့် ၁ ရက်၊

(၈) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၉) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့် ၁ ရက်၊

(၁၀) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၁) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၁ ရက်၊

(၁၂) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁ ရက်၊

(၁၃) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊

(၁၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၁၅) မုံရွာမဲဆန္ဒနယ်မှ ဦးညွန့်အောင် ခွင့် ၂ ရက်နှင့်

(၁၆) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၄ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၆ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့် အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၄ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသော School Bus အမျိုးအစားသတ်မှတ်ချက်(၁၂)ချက်အနက်မှ လက်ရှိ School Bus အများစုဆက်လက်ပြေးဆွဲနိုင်ရေးအတွက် အချက်(၁)ချက်အား နှစ်ကာလအကန့်အသတ်ဖြင့် ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်

ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားတဲ့ ကျောင်းကားအမျိုးအစားသတ်မှတ်ချက်(၁၂)ချက်မှ လက်ရှိပြေးဆွဲနေတဲ့ ကျောင်းကားအများစုလိုက်နာဖို့အတွက် ခက်ခဲနေတဲ့အချက်တစ်ချက်ကို နှစ်ကာလအကန့်အသတ်နဲ့ ဖြေလျှော့ပေးသွားရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ရန်ကုန်တိုင်းဒေသကြီးမှာ မူလက ပြေးဆွဲခဲ့တဲ့ Light Truck ကျောင်းကားဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၆ ခုနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့လမ်းညွှန်မှုနဲ့ Light Truck ကျောင်းကားများကို မှန်လုံယာဉ်(Mini Bus)များဖြင့် ပြောင်းလဲသုံးစွဲစေခဲ့တာ ဖြစ်ပါတယ်။ ဒါကတော့ လက်ရှိပြောင်းလဲသုံးစွဲခဲ့တဲ့ တစ်ပတ်ရစ်ဂျပန်နိုင်ငံထုတ်ကားများဖြစ်ပါတယ်။ ဒါကတော့ ၂၀၁၇ ခုနှစ်မှာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ကျောင်းကားသတ်မှတ်ချက်(၁၂)ချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒီ(၁၂)ချက်ထဲမှာ အမှတ်စဉ်(၇)မှာပါတဲ့ ဘယ်မောင်းယာဉ်ဖြစ်ရမယ်ဆိုတဲ့အချက်က လက်ရှိကျောင်းကားပြေးဆွဲသူအများစု လိုက်နာဖို့ အခက်အခဲကြီးစွာဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်မှာ Light Truck ကားကနေပြီးတော့ မှန်လုံယာဉ်(Mini Bus)ဖြင့် ပြောင်းလဲခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်မှာ ညာမောင်းကနေပြီးတော့ ဘယ်မောင်းအဖြစ် ထပ်ပြီးတော့ပြောင်းလဲဖို့အတွက် ငွေကြေးအရင်းအနှီးကစလို့ အခက်အခဲကြီးစွာ ကြုံတွေ့ခဲ့ရပါတယ်။ ဒါကတော့ ပြည်တွင်းဈေးကွက်မှာရှိတဲ့ ဘယ်မောင်း ကိုရီးယားနိုင်ငံထုတ်ကျောင်းကား ဖြစ်ပါတယ်။ ညာမောင်း ဂျပန်နိုင်ငံထုတ်ကားများထက်စာရင် အဘက်ဘက်ကနေပြီးတော့ အရည်အသွေးနိမ့်ကျပါတယ်။ ဒါကြောင့်မို့လို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကျောင်းကားသတ်မှတ်ချက်(၁၂)ချက်ထဲကနေပြီးတော့ အမှတ်စဉ်(၇)မှာပါတဲ့ ဘယ်မောင်းယာဉ်ဖြစ်ရမယ်ဆိုတဲ့အချက်က ကျောင်းကားပြေးဆွဲသူအများစုလိုက်နာဖို့ခက်ခဲတဲ့အတွက် နှစ်ကာလအကန့်အသတ်ဖြင့် ဖြေလျှော့ပေးသွားဖို့အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံ

မူကြမ်း

ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး၏ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားတဲ့ School Bus အမျိုးအစားသတ်မှတ်ချက်(၁၂)ချက်အနက်မှ လက်ရှိ School Bus အများစုဆက်လက်ပြေးဆွဲနိုင်ရေးအတွက် အချက်တစ်ချက်ကို နှစ်ကာလအကန့်အသတ်ဖြင့် ဖြေလျှော့ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းအပေါ် ပြည့်ပြည့်စုံစုံဖြေကြားနိုင်ရန်အတွက် အချိန်ပိုအနည်းငယ်မျှ ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်အလိုက် တင်သွင်းရမယ့်မော်တော်ယာဉ်များရဲ့ထုတ်လုပ်တဲ့ခုနှစ်(Model Year)ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဆက်စပ်ဝန်ကြီးဌာနများပါဝင်ဖွဲ့စည်းထားတဲ့ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်တဲ့လုပ်ငန်းများကြီးကြပ်ရေးကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောတူညီချက်ဖြင့် နှစ်စဉ်ထုတ်ပြန်လျက်ရှိရာမှာ ခရီးသည်တင်ယာဉ်များ၊ မြို့တွင်းပြေးဆွဲယာဉ်များ၊ Mini Bus၊ City Bus များကို ၂၀၁၄ ခုနှစ်မှစတင်၍လည်းကောင်း၊ Brand New မော်တော်ယာဉ်များကို ၂၀၁၅ ခုနှစ်တွင်စတင်၍လည်းကောင်း၊ လက်ရှိကျင့်သုံးနေတဲ့ လက်ယာကပ်မောင်းစနစ်နဲ့ကိုက်ညီတဲ့ ဘယ်မောင်းစနစ်(Left Hand Drive) ယာဉ်များကိုသာ တင်သွင်းရန် သတ်မှတ်ခဲ့ပါတယ်။ ထိုကဲ့သို့ နှစ်စဉ်ယာဉ်အမျိုးအစားအလိုက် အဆင့်ဆင့်ပြောင်းလဲသတ်မှတ်ချက်အတိုင်းသာ မော်တော်ယာဉ်များကို တင်သွင်းခွင့်ပြုလျက်ရှိပါတယ်။ သို့ဖြစ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း ပြည်ပမှတင်သွင်းလာတဲ့ ယာဉ်များနှင့် ပြည်တွင်းထုတ်ယာဉ်များအားလုံးအတွက် ဘယ်မောင်းစနစ်ယာဉ်များကိုသာ ကနဦးမှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါပေမဲ့လည်း ယခင်နှစ်များက တင်သွင်းခဲ့ပြီးဖြစ်တဲ့ ယာမောင်းစနစ်(Right Hand Drive)ယာဉ်များကို Model Year ကန့်သတ်ချက်ထားရှိခြင်းမရှိဘဲ နှစ်လဲသက်တမ်းတိုးဆောင်ရွက်ပေးပြီး ဆက်လက်၍ သုံးစွဲခွင့်ပြုထားဆဲဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၁-၆-၂၀၁၇ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်တဲ့လုပ်ငန်းများကြီးကြပ်ရေးကော်မတီအစည်းအဝေး

အမှတ်စဉ်(၃/၂၀၁၇)ရဲ့ဆုံးဖြတ်ချက်အရ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတကာ၏ School Bus ယာဉ်များအတွက် စံသတ်မှတ်ချက်များကိုလေ့လာ၍ ပြည်ပကတင်သွင်းမည့် School Bus များနှင့် ပြည်တွင်းတွင်ရောက်ရှိပြီးဖြစ်တဲ့ ခရီးသည် ၁၀ ဦးနှင့်အထက် တင်နိုင်တဲ့ Micro Bus၊ Mini Bus၊ Bus ယာဉ်များကို School Bus လုပ်ငန်းဆောင်ရွက်ရာမှာ ကျောင်းသူကျောင်းသားများ ယာဉ်အန္တရာယ်လုံခြုံစိတ်ချစေရေးအတွက် စည်းစနစ်တကျလုပ်ကိုင်နိုင်စေရန် တစ်နိုင်ငံလုံးလိုက်နာရမည့်သတ်မှတ်ချက်(၁၂)ချက်ကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားချက်အမှတ်(၁၈/၂၀၁၇)ဖြင့် ၂၀-၇-၂၀၁၇ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ ထိုကဲ့သို့ School Bus ယာဉ်အမျိုးအစားသတ်မှတ်ခြင်း ညွှန်ကြားချက်ထုတ်ပြန်ခြင်းဟာဆိုရင် ပြည်ပမှ School Bus များတင်သွင်းရာမှာ သတ်မှတ်စံနှုန်းနှင့်အညီ စနစ်တကျဖြစ်စေရေးအတွက်လည်းကောင်း၊ ပြည်တွင်းတွင်အလျဉ်းသင့်သလိုပြေးဆွဲနေတဲ့ ယာဉ်အန္တရာယ်လုံခြုံစိတ်ချရမှုအားနည်းချက်ရှိတဲ့၊ စည်းစနစ်မကျတဲ့ ကျောင်းများကို ကြပ်မတ်နိုင်ရန်အတွက်လည်းကောင်း ဦးတည်ပြီးတော့ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများကြီးကြပ်ရေးကော်မတီ ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။ အဲဒီညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်းမှာ School Bus ယာဉ်အဖြစ် ပြည်ပမှအသစ်တင်သွင်းလာမယ့်ယာဉ်များကို အဓိကထားရည်ရွယ်ထုတ်ပြန်ခဲ့ခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ရောက်ရှိပြီးဖြစ်တဲ့ Micro Bus၊ Mini Bus၊ Bus ယာဉ်များသည်လည်း အဆိုပါညွှန်ကြားချက်တွင်ဖော်ပြထားတဲ့သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး School Bus ယာဉ်အဖြစ် ပြောင်းလဲဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။ School Bus ယာဉ်များ တန်ဖိုးသက်သာစွာတင်သွင်းနိုင်ရန်အတွက် ကုန်းလမ်းပို့ဆောင်မှုညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခကင်းလွတ်ခွင့်ပြုပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၇၀ ခုနှစ် ဒီဇင်ဘာလကစပြီးတော့ လက်ယာကပ်မောင်းစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ပေမဲ့လည်း နိုင်ငံတကာကျင့်စဉ်နှင့်အညီ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လက်ဝဲစတီယာရင်စနစ်ကို ၂၀၁၆ ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်များမှသာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်တဲ့လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ မော်တော်ယာဉ်တင်သွင်းခွင့်မူဝါဒအရ တွန်းအားပေး၍ လိုက်နာကျင့်သုံးစေခဲ့ခြင်းဖြစ်ပါတယ်။

လက်ရှိကျောင်းကားအဖြစ် ပြေးဆွဲခွင့်ပြုနေတဲ့ School Bus ယာဉ်အမျိုးအစားသတ်မှတ်ချက်(၁၂)ချက်အနက် ဘယ်မောင်းယာဉ်(Left Hand Drive)နှင့် ယာဉ်၏ညာဘက်(Right Hand Side)

တွင် အတက်/အဆင်းတံခါးပေါက် ပါရှိရန်ဖြစ်ပြီး လုံခြုံစိတ်ချရသော သော့စနစ်တပ်ဆင်သွားရမည် ဆိုတဲ့အချက်(၇)ဟာဆိုရင် ကျောင်းသူကျောင်းသားများ ယာဉ်အန္တရာယ်ကင်းရှင်းလျက် လိုက်ပါစီးနင်း နိုင်စေရေး၊ ယာဉ်တိုက်ခိုက်မှုလျော့ပါးစေရေးတို့အတွက် အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားချက်(၁၈/၂၀၁၇)ကို ထုတ်ပြန်ခဲ့ချိန်မှစပြီးတော့ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ ကျောင်းကားလုပ်ငန်းများ စနစ်တကျ ဖြစ်စေရေး သတ်မှတ်ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ညွှန်ကြားချက် ထုတ်ပြန်ချိန်မှာ ကျောင်းအကြို/အပို့လုပ်ငန်းများဆောင်ရွက်လျက်ရှိတဲ့ Light Truck ယာဉ်များဆိုရင် သတ်မှတ်ချက်နှင့်မညီညွတ်သော်လည်း လုပ်ငန်းရှင်များက ပြုပြင်လိုက်နာဆောင်ရွက်ရန် အချိန်ပေး သည့်အနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း Light Truck ယာဉ်များကို ပြေးဆွဲခွင့်တစ်နှစ် ခွင့်ပြု၍ ယာယီဖြေလျှော့ပေးခဲ့ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ Light Truck ယာဉ်များကို ပြေးဆွဲ ခွင့်မပြုတော့ဘဲ ကျန်ယာဉ်အုပ်စု ညာမောင်းယာဉ်များကို ပြေးဆွဲခွင့်တစ်နှစ်ထပ်မံခွင့်ပြု၍ ယာယီ ဖြေလျှော့ပေးခဲ့ပြီး ဖြစ်ပါတယ်။ ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှစ၍ ကျောင်းကြို/ပို့လုပ်ငန်း လုပ်ကိုင်လိုသည့်ယာဉ်များဟာဆိုရင် ညွှန်ကြားချက်(၁၈/၂၀၁၇)ပါ သတ်မှတ်ချက်(၁၂)ချက်နှင့် ညီညွတ်စေရန်နှင့် ကျောင်းများအားလုံး Catchment Area နယ်မြေကျော်ကျောင်းသားများ လက်ခံ ခြင်းမပြုရန် ဒေသအစိုးရအနေဖြင့် ကြပ်မတ်ဆောင်ရွက်နေကြောင်း သိရှိရပါတယ်။ ကျောင်းအသီးသီး က Catchment Area နယ်မြေကျော်ကျောင်းသားလက်ခံခြင်းမပြုပါက ကျောင်းကားလိုအပ်ချက် အစီးရေလည်း လျော့ကျလာမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ညွှန်ကြားချက်(၁၈/၂၀၁၇)ထုတ်ပြန်ပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ထိန်းကျောင်း ကြပ်မတ်မှုဖြင့် ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန်လအထိ ရန်ကုန်တိုင်းဒေသကြီးမှာ သတ်မှတ်ချက်နှင့်ကိုက်ညီတဲ့ School Bus ၇၁၆ စီးက လုပ်ငန်းလိုင်စင်များ ပြုလုပ်ခဲ့ပြီး ဆောင်ရွက်ဆဲ အစီးရေ ၃၄ စီးခန့်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် တင်သွင်းထားသောသတ်မှတ်ချက်နှင့်ကိုက်ညီတဲ့ School Bus အစီး ၂၀၀ အနက်မှ School Bus အစီး ၁၀၀ ခန့်ဟာဆိုရင် School Bus အဖြစ်အသုံးပြုလျက်ရှိပြီဖြစ်ကြောင်း သိရှိရပါတယ်။ ကျောင်းကားအဖြစ် အသုံးမပြုသေးဘဲ ကျန်ရှိတဲ့ School Bus ယာဉ်များကို ပုဂ္ဂလိကလုပ်ငန်းရှင်များ

အနေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး အသုံးပြုနိုင်တဲ့အတွက်ကြောင့် School Bus အစီးရေပိုမိုရရှိနိုင်မှာလည်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးလိုင်စာဖြင့် မှတ်ပုံတင်ထားတဲ့ Micro Bus၊ Mini Bus ယာဉ်အမျိုးအစား ဘယ်မောင်းစီးရေ ၁၀၀၁ စီးရှိပြီး ၎င်းယာဉ်များဟာဆိုရင် School Bus သတ်မှတ်ချက်နှင့်ကိုက်ညီအောင် လိုက်နာဆောင်ရွက်နိုင်သောကြောင့် လိုအပ်လျှင် School Bus အဖြစ်ဝင်ရောက်ပြေးဆွဲနိုင်တဲ့ အခွင့်အရေးရှိပါတယ်။ ညွှန်ကြားချက်(၁၈/၂၀၁၇) မထုတ်ပြန်မီ ၂၀၁၇ ခုနှစ် မေလအထိ ရန်ကုန်မြို့မှာ School Bus အဖြစ် လုပ်ငန်းလိုင်စင်ဖြင့် ပြေးဆွဲနေတဲ့ယာဉ်စီးရေ ၅၇၈ စီး ရှိပြီး School Bus လုပ်ငန်းလိုင်စင်မယူဘဲ ပြေးဆွဲနေတဲ့ယာဉ်များလည်း ရှိခဲ့ပါတယ်။

School Bus ယာဉ်များ စနစ်တကျရှိစေရေး၊ လက်ယာကပ်မောင်းစနစ်နဲ့ ကိုက်ညီသော ဘယ်မောင်းစနစ်ယာဉ်များဖြစ်စေရေး၊ ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းလျက် လုံခြုံစိတ်ချစွာစီးနင်းနိုင်စေရေး၊ ယာဉ်ကြောပိတ်ဆို့မှုများလျော့ကျစေရေးတို့အတွက် ကျောင်းကားများလိုက်နာရန် စံသတ်မှတ်ချက်(၁၂)ချက်ကို သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆိုပါသတ်မှတ်ချက်(၁၂)ချက်နှင့်ညီညွတ်ပြည့်စုံနိုင်သောယာဉ်အမျိုးအစားများ အလုံအလောက်ရှိနေသည့်အတွက်လည်းကောင်း၊ အဆိုပါသတ်မှတ်ချက်(၁၂)ချက်သည် နိုင်ငံတကာတွင် လိုက်နာကျင့်သုံးရတဲ့ သတ်မှတ်ချက်များထက် များစွာလျော့နည်းနေသေး၍လည်းကောင်း၊ ညွှန်ကြားချက်(၁၈/၂၀၁၇)ထုတ်ပြန်ပြီးနောက် သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များက ဒေသအခြေအနေအပေါ်မူတည်၍ *ယာယီဖြေလျော့ခွင့်ပြုချက်များ* ဆောင်ရွက်ပြီးဖြစ်၍လည်းကောင်း၊ ကျောင်းသူကျောင်းသားများ ယာဉ်တိုက်မှုအန္တရာယ်ကို ကြိုတင်ကာကွယ်သင့်ခြင်းကြောင့်လည်းကောင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ညွှန်ကြားချက်ပါသတ်မှတ်ချက်အမှတ်စဉ်(၇)ကို ဖြေလျှော့ပေးရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် လက်ရှိအခြေအနေမှာ ဒေသအတွင်း ကျောင်းကြို/ပို့ယာဉ်များရဲ့အခြေအနေ၊ ကျောင်းသူကျောင်းသားအင်အားနှင့် ယာဉ်လိုအပ်ချက်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းမှုအခြေအနေတို့အပေါ်မူတည်၍ School Bus ကိစ္စရပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရများရဲ့ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ ဝန်ကြီးဖြေကြားသွားတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ လက်ရှိကျောင်းကား အများစုက ဂျပန်နိုင်ငံထုတ် ညာမောင်းကားများ ဖြစ်ပါတယ်။ ၉၀ ရာခိုင်နှုန်းလောက်ရှိပါတယ်။ လက်ရှိမှာလည်း ရန်ကုန်တိုင်းဒေသကြီးမှာ ကျောင်းကားတွေက ဘယ်မောင်းရော၊ ညာမောင်းရော နှစ်မျိုးစလုံး ပြေးဆွဲလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ညာမောင်းကားများကို ဘယ်မောင်းကားများ အဖြစ် ပြောင်းလဲနိုင်ဖို့အတွက် ဝန်ကြီးဌာနက ဘယ်လိုကူညီဆောင်ရွက်ပေးမလဲ။ ပြီးတော့ ဒီသတ်မှတ် ချက်(၁၂)ချက်ကို အတိအကျလိုက်နာနိုင်အောင်မည်သို့စည်းကမ်းထိန်းသိမ်းမလဲဆိုတာ ဆက်စပ် မေးခွန်းအဖြစ် သိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ဆက်စပ်မေးခွန်းအတွက်ကို ကျေးဇူးတင်ပါတယ်။ မှန်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကလည်း ဒီပုဂ္ဂလိကလုပ်ငန်းရှင်တွေရဲ့ အခက် အခဲကို နားလည်သဘောပေါက်ပါတယ်။ ဒါပေမဲ့ အခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ အတိုင်း မည်ကဲ့သို့ကြပ်မတ်ဆောင်ရွက်မလဲ။ ဒီဟာပြောင်းလဲတာကို ဘယ်လိုကူညီဆောင်ရွက်ပေး မယ်ဆိုတာကတော့ ကျွန်တော်စောစောကအဖြေမှာ တင်ပြသွားတဲ့အတိုင်း ဒေသဆိုင်ရာအာဏာပိုင် အစိုးရအဖွဲ့များနဲ့ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ အခုက ဒေသန္တရဆိုင်ရာ ညွှန်ကြားချက်နှင့် မူဝါဒများချမှတ်ပြီး ဆောင်ရွက်လျက်ရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ တစ်ချက်က လည်း ကျွန်တောတို့အနေနဲ့ အထူးသဖြင့် (၁၂)ချက်ထဲက အချက်(၇)ဟာဆိုရင် အင်မတန်မှ အရေးကြီးပါတယ်။ ကျွန်တော်တင်ပြသွားတဲ့အတိုင်းပဲ ကျွန်တော်တို့အခုထုတ်ထားတဲ့ (၁၂)ချက်ဟာ ဆိုရင် နိုင်ငံတကာမှာ ကျင့်သုံးသတ်မှတ်ချမှတ်ထားတဲ့ School Bus တွေရဲ့သတ်မှတ်ချက်နဲ့ နှိုင်းစာ လျှင် အများကြီးကို လျော့နည်းပါတယ်။ ဘာလို့လဲဆိုတော့ အထူးသဖြင့် ကျောင်းသားအရွယ် ကလေး သူငယ်များဟာဆိုရင် ထိလွယ်၊ ရှလွယ်အုပ်စုထဲမှာပါဝင်တဲ့အတွက် သူတို့ရဲ့ဘေးကင်းလုံခြုံရေး အတွက်ကို နိုင်ငံတကာမှာလည်း အထူးအလေးပေးထားပြီး ဂရုပြုဆောင်ရွက်လျက်ရှိပါတယ်။ တချို့ ဆိုရင် ကျွန်တော်တို့သတ်မှတ်ချက်တွေက အင်မတန်ပြည့်စုံလုံလောက်ပြီးတော့ အသေးစိတ်ယာဉ်နှင့် ပတ်သက်၍လည်းကောင်း၊ ယာဉ်မောင်းရဲ့အရည်အချင်းနဲ့လည်းကောင်း၊ အသေးစိတ်ကို သတ်မှတ်ချက်၊

စည်းကမ်းချက်တွေချမှတ်ထားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ကတော့ ကိုယ်စားလှယ်တော်ကြီးရဲ့ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒေသဆိုင်ရာအာဏာပိုင် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားဖို့ ဖြစ်ပါကြောင်းပြန်လည်ဖြေကြားအပ်ပါတယ်။

**သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အမှန်တကယ်လိုအပ်နေသော မန်းချောင်းတံတားအထက်ပိုင်း သောင်တူးပေးရန်နှင့် စကုမြို့သို့ ဦးတည်တိုက်စားနေသောနေရာတွင် ရေကာတာပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမမေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အမှန်တကယ်လိုအပ်နေတဲ့လိုအပ်ချက်အား မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်အတွင်းမှာ ဖြတ်သန်းစီးဆင်းလျက်ရှိတဲ့ မန်းချောင်းဟာ နွေ၊ မိုး၊ ဆောင်းသုံးရာသီလုံး ရေမပြတ်စီးဆင်းလျက်ရှိပါတယ်။ မန်းချောင်းတစ်လျှောက် ဘေးဝဲ/ယာမှာဆိုလို့ရှိရင် စကုမြို့နှင့် ကျေးရွာပေါင်းများစွာ တည်ရှိပါတယ်။ မန်းချောင်းရေစီးဆင်းမှုကြောင့် ဒေသခံပြည်သူတွေ စိုက်ပျိုးရေးအတွက် အဆင်ပြေမှုရှိသော်လည်းပဲ မန်းချောင်းရေတိုက်စားမှုကြောင့် စိုက်ပျိုးမြေဆုံးရှုံးရတာတွေ၊ နေအိမ်တွေပြောင်းရွှေ့ရတာတွေနဲ့ ရေကြီးခြင်းဒုက္ခတွေကိုလည်း နှစ်စဉ်ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ ယခုအချိန်မှာဆိုလို့ရှိရင် မန်းချောင်းဟာ စကုမြို့ကို ဦးတည်တိုက်စားနေပြီးတော့ စကု-ပွင့်ဖြူလမ်းပေါ်မှာရှိတဲ့ မန်းချောင်းတံတားရဲ့ချဉ်းကပ်လမ်းကို တိုက်စားသွားမှာကို ဒေသခံတွေက များစွာစိုးရိမ်ပူပန်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုသဘာဝဘေးအန္တရာယ်ကို ကြိုတင်နိုင်ရန်အတွက် ချောင်းရေနည်းတဲ့အချိန်မှာ သောင်တူးခြင်း၊ ကမ်းထိန်းနံရံပြုလုပ်ခြင်းများကို ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နဲ့တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါကတော့ မန်းချောင်းက အနီစက်ကလေးဟာ စကုမြို့ဖြစ်ပါတယ်။ စကုမြို့ဘက်ကိုဦးတည်ပြီးတော့ တိုက်စားနေတာကို ပြခြင်းဖြစ်ပါတယ်။ ဒါက မန်းချောင်းက အကွေ့တွေများစွာနဲ့ ရွာဘက်တွေကို ထိုးစားနေတာကို၊ သောင်တူးဖို့လိုအပ်တာကို ပြခြင်းပဲဖြစ်ပါတယ်။ ဒါက ကန်ထိန်းဖို့အတွက် မျောတိုင်တွေရိုက်တယ်။ မြေကြီးတွေချပြီးတော့ ယာယီကမ်းထိန်းတာကိုဆောင်ရွက်ခဲ့သော်လည်းပဲ အဆင်မပြေခဲ့ပါဘူး။ ထပ်ပြီးတော့ စားနေတာကို ပြခြင်းဖြစ်ပါတယ်။ ဒါမျိုးတွေပဲဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင် စကုမြို့နဲ့ အင်မတန်နီးကပ်နေပြီဖြစ်ပါတယ်။ စကု အမှတ်(၃)ရပ်ကွက်နဲ့ မန်းချောင်းတံတားချဉ်းကပ်လမ်းကို နီးကပ်နေပြီဖြစ်တဲ့အတွက် ဒေသခံတွေ စိုးရိမ်ပူပန်နေရခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အမှန်တကယ်လိုအပ်နေတဲ့ မန်းချောင်းတံတား အထက်ပိုင်းကို သောင်တူးခြင်းနဲ့ စကုမြို့ကို ဦးတည်တိုက်စားနေတဲ့နေရာတွေမှာ ရေကာတာပြုလုပ်ပေးဖို့အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကနေပြီးတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ပေါင်းစပ်ညှိနှိုင်းပြီးတော့ အမြန်ဆုံးဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၏ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အမှန်တကယ်လိုအပ်နေတဲ့ မန်းချောင်းတံတား အထက်ပိုင်း သောင်တူးခြင်းနှင့် စကုမြို့သို့ ဦးတည်တိုက်စားနေတဲ့နေရာမှာ ရေကာတာပြုလုပ်ပေးရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီးတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍တင်ပြခွင့်ပြုပါ။ မန်းချောင်းဟာဆိုရင် မန်းတမံကနေစီးဆင်းလာခဲ့တဲ့မန်းချောင်းနှင့် ပန်းထိမ်းမန်းချောင်းတို့ ငဖဲမြို့အောက်ဘက်မှာပေါင်းဆုံပြီးတော့ မကွေးတိုင်းဒေသကြီးအတွင်း စီးဆင်းတဲ့ချောင်းဖြစ်ပါတယ်။ ရေဝေရေလွှဲဒေသများမှာ သစ်တောများပြုန်းတီးမှု၊ လယ်ယာမြေနှင့် တောင်ယာများ တိုးချဲ့လုပ်ကိုင်မှုတို့ကြောင့် မန်းချောင်းအတွင်း အနယ်ကျမှုများလာပြီး တိမ်ကောလာခဲ့ခြင်း၏ အကျိုးဆက်များအဖြစ် ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့အတိုင်း ရေကြီးရေလျှံမှုများ၊ ရေစားကမ်းပြိုမှုများနှင့် ရေလမ်းကြောင်းပြောင်းလဲမှုများ နှစ်စဉ်ဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီးအတွင်း ရေတိုက်စားမှုဒဏ်ကို နှစ်စဉ်ခံစားနေရသောကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ ကမ်းထိန်းတမံနှင့် ရေကာတာတည်ဆောက်ပေးခြင်းလုပ်ငန်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရဲ့ ကြီးကြပ်လမ်းညွှန်မှုဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေ စုစုပေါင်းကျပ် ၇၆၆.၉၈ သန်းဖြင့်ဆောင်ရွက်ပေးခဲ့ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

ဆောင်ရွက်ပေးခဲ့တဲ့လုပ်ငန်းများအနေနဲ့ မင်းဘူးမြို့နယ်မှာ မန်းချောင်းရေတိုက်စားမှုကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၁၁၂.၄၃ သန်းအပါအဝင် ပေါက်မြို့နယ်နှင့် ဂန့်ဂေါမြို့နယ်တို့အသီးသီးမှာ ယင်းချောင်းနှင့် လောင်ထောင်ချောင်း ရေတိုက်စားမှုကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို စုစုပေါင်းရန်ပုံငွေကျပ် သန်း ၃၃၀ ဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒီအပြင် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်နှင့် ရေစကြိုမြို့နယ်တို့အသီးသီးမှာ ယင်းချောင်းနှင့် ဧရာဝတီမြစ် ရေတိုက်စားကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို စုစုပေါင်းရန်ပုံငွေ ကျပ် ၄၃၆.၉၈ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။

ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် မန်းချောင်းတံတား အထက်ပိုင်း သောင်တူးခြင်းနှင့် စကုမြို့သို့ ဦးတည်တိုက်စားနေတဲ့နေရာမှာ ရေကာတာပြုလုပ်ပေးရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် အမှန်တကယ်လိုအပ်ချက် တွက်ချက်ခြင်း၊ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းနှင့်နည်းပညာဖော်ထုတ်ခြင်း၊ နည်းပညာအရ သဘောထားတောင်းခံခြင်းတို့ကို ညှိနှိုင်းဆောင်ရွက်

သွားပြီးနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရဲ့လမ်းညွှန်ချက် ခံယူသွားမှာဖြစ်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေါင်းစပ်ဖြေကြားထားပါတယ်။

မန်းချောင်းဟာဆိုရင် စကုမြို့အထက်ဘက်မှာလည်း ရေလမ်းကြောင်းပြောင်းကာ စကုမြို့အမှတ်(၃)ရပ်ကွက်ဘက်သို့ ရေဦးတိုက်စားလျက်ရှိနေခြင်းကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့မူလခွင့်ပြုရန်ပုံငွေကျပ်သန်း ၅၀ ဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလွှဲရေကာများတည်ဆောက်ပေးခြင်း၊ ရေလမ်းအကျယ်ချဲ့ပေးခြင်းနှင့် သဲအိတ်ဖြည့်ကမ်းထိန်းကရစ်များတည်ဆောက်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ရာ အထိုက်အလျောက်ကာကွယ်မှု ပေးနိုင်ခဲ့ပါတယ်။ ဒီဟာကတော့ ခုနကတင်ပြထားတဲ့၊ ဆောင်ရွက်သွားတဲ့လုပ်ငန်းတွေပြတဲ့ပုံဖြစ်ပါတယ်။ မန်းချောင်း(စကု-စလင်း)တံတားအဝင်ရေလမ်းဟာဆိုရင် စကုမြို့အမှတ်(၃)ရပ်ကွက်ဘက်မှ "S" ပုံသဏ္ဌာန်နှင့်ကွေ့ကောက်စီးဆင်းပြီး တံတားအဝင်ရေလမ်းဖြောင့်သဖြင့် တံတားအတွက်ထိခိုက်မှုမရှိနိုင်သော်လည်း မိုးရာသီရေများချိန်မှာ အမှတ်(၃)ရပ်ကွက်ရှိ လူနေအိမ်များသို့ ချောင်းရေဦးတိုက်စီးဆင်းသဖြင့် ရေတိုက်စားကမ်းပြိုမှုများ ဖြစ်ပေါ်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေရှည်အတွက် ထိုကဲ့သို့ အမှတ်(၃)ရပ်ကွက် ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်နိုင်ရန်နှင့် မန်းချောင်းတံတားအထက်ဘက်ရေလမ်းအခြေအနေကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် တံတားအထက်ပိုင်း အလျား ၇၅၀ ပေကို သောင်တူးခြင်းလုပ်ငန်းနှင့် အမှတ်(၃)ရပ်ကွက်မှာ ဦးတည်တိုက်စားနေတဲ့နေရာကမ်းပါးတစ်လျှောက် အလျား ၁၂၀၀ ပေ မျောကျောက်ဖြည့်အခြေထိန်းနှင့် အလျား ပေ ၁၀၀ ရေလွှဲရေကာသုံးခု တွဲဖက်တည်ဆောက်ပေးခြင်းလုပ်ငန်းအပြင် မန်းချောင်း(စကု-စလင်း)တံတား အဝင်ရေလမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကျပ်သန်း ၁၅၀ ခန့် ကုန်ကျမည်ဖြစ်ပါကြောင်း ခန့်မှန်းတွက်ချက်ထားပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရန်ပုံငွေစာရင်းမှာ ထည့်သွင်းလျာထားခဲ့ခြင်းမရှိတဲ့အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ရန်ပုံငွေစာရင်းတွင်လည်း လျာထားခြင်းမရှိပါကြောင်း၊

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီထံတင်ပြ၍ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဆိုပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့နည်းပညာအကူအညီဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ပေါင်းစပ်ဖြေကြားထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ စောစောက ဝန်ကြီးဖြေသွားတဲ့ထဲက ကျွန်တော်နားလည်တာကတော့ ၂၀၁၉-၂၀၂၀ မှာ ဘတ်ဂျက်လျာထားထားတာမရှိလို့မို့လို့ ၂၀၂၀-၂၀၂၁ မှာ ဆောင်ရွက်နိုင်ဖို့အတွက် ညှိနှိုင်းဆောင်ရွက်သွားမယ်လို့ နားလည်ပါတယ်။ တကယ်တော့ ဘတ်ဂျက်ကာလကို အဲဒီထိအောင်သာ စောင့်နေမယ်ဆိုလို့ရှိရင် ပိုပြီးတော့ဆိုးသွားနိုင်တဲ့အခြေအနေကို ဒေသခံပြည်သူတွေလည်း စိုးရိမ်နေပါတယ်။ အမှန်က ကျွန်တော်မေးခွန်းတင်ထားတာကလည်း ၂၀၁၈ ခုနှစ် နိုဝင်ဘာလကတည်းကပါ။ ဘာဖြစ်လို့ကြိုတင်ရတာလဲဆိုတော့ ရေနည်းတဲ့အချိန်မှာ သောင်တူးတာတွေ၊ ကမ်းထိန်းနံရံလုပ်တာတွေကို ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ကြိုပြီးတော့တင်ခဲ့ခြင်းဖြစ်ပါတယ်။ ယခုဆိုလို့ရှိရင်လည်း အခုဘတ်ဂျက်ချပေးရင်လည်း လုပ်ရမှာလည်း မှန်တာပြောရရင် အခက်အခဲတွေလည်းရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိုးဦးကျသွားပြီဖြစ်လို့ပါ။ မိုးများလာတာနဲ့ မန်းချောင်းရေက တရှိန်ထိုးပဲ တန်းပြီးတော့ ရေကြီးလာပြီးတော့ သောင်တူးတဲ့စက်တွေပါ အဆင်မပြေရေနစ်နာတွေဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ မိုးကုန်တဲ့အချိန်မှာ ဘတ်ဂျက်ကျနိုင်ဖို့အတွက် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးခေါင်းစဉ်အောက်ကနေပြီးတော့ ပေါင်းစပ်ညှိနှိုင်းပြီးတော့ အဆင်ပြေအောင်ဆောင်ရွက်ပေးဖို့၊ အခုမိုးရာသီကုန်တဲ့အချိန်လေးမှာ၊ မန်းချောင်းရေနည်းတုန်းလေးမှာ ဆောင်ရွက်ပေးနိုင်ဖို့အတွက် ပေါင်းစပ်ညှိနှိုင်းကြိုးစားဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးပါ။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ထပ်မံပြီးတော့ ညှိနှိုင်းဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ရမ်းဗြဲမြို့နယ်မှ စစ်တွေမြို့နှင့် တောင်ကုတ်မြို့သို့ ရေကြောင်းခရီးဖြင့် စရိတ်သက်သာစွာ သွားလာဆက်သွယ်နိုင်ရေးအတွက် ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းနှင့် ကျောက်နီမော်၊ ဟိုးဝဆိပ်ကမ်းတို့တွင် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးပိုင်သင်္ဘောများ ဆိုက်ကပ်ပို့ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်ရွှေ(ရမ်းဗြဲမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကနေ့မေးမြန်းသွားမယ့်မေးခွန်းကတော့ ရမ်းဗြဲမြို့နယ်မှ စစ်တွေမြို့နှင့် တောင်ကုတ်မြို့သို့ ရေကြောင်းခရီးဖြင့် စရိတ်သက်သာစွာ သွားလာဆက်သွယ်နိုင်ရေးအတွက် ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းနှင့် ကျောက်နီမော်၊ ဟိုးဝဆိပ်ကမ်းတို့တွင် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးပိုင် သင်္ဘောများဆိုက်ကပ်ပို့ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းလို့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရမ်းဗြဲမြို့နယ်ဒေသဟာ ရခိုင်ပြည်နယ်ရဲ့အလယ်ပိုင်း ရမ်းဗြဲကျွန်းပေါ်တွင်တည်ရှိပြီး ကျေးရွာပေါင်း ၂၀၀ ကျော်၊ လူဦးရေပေါင်း တစ်သိန်းနီးပါးနေထိုင်တဲ့မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ဆက်သွယ်သွားလာရေးအနေဖြင့် ကုန်းလမ်းခရီးနှင့် ရေလမ်းခရီး နှစ်မျိုးစလုံးကိုအသုံးပြုနေရတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကုန်းလမ်းခရီးအနေဖြင့် ကျောက်ဖြူ-ရန်ကုန်ကားလမ်းမကြီးမှတစ်ဆင့် တောင်ကုတ်မြို့နှင့်ရန်ကုန်မြို့တို့သို့ မော်တော်ကားဖြင့် ဆက်သွယ်သွားလာရေးလွယ်ကူသော်လည်း ရမ်းဗြဲမြို့မှ ရခိုင်ပြည်နယ်မြို့တော် စစ်တွေမြို့သို့ ဌာနဆိုင်ရာများအနေဖြင့်သော်လည်းကောင်း၊ ပုဂ္ဂလိက ကိုယ်ရေးကိုယ်တာကိစ္စများအနေဖြင့်သော်

လည်းကောင်း ဆက်သွယ်သွားလာရာတွင် များစွာအခက်အခဲကြုံတွေ့ကြရပြီး အချိန်ကုန်၊ ငွေကုန်၊ လုပ်ငန်းကာ အဆင်မပြေမှုများ ကြုံတွေ့ရပါတယ်။

ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းတွင် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးပိုင် သင်္ဘောများ မဆိုက်ကပ်သဖြင့် ပုဂ္ဂလိကအမြန်ရေယာဉ်များရှိသောနေရာများ၌သာ မတန်တဆစရိတ်စက အကုန်အကျခံကာ သွားလာနေကြရသဖြင့် အခက်အခဲများစွာ ကြုံတွေ့နေကြရပါတယ်။ သာမန်လုပ်သား ပြည်သူများမှာ စရိတ်ကြီးမြင့်သော ပုဂ္ဂိလကအမြန်ရေယာဉ်ဖြင့် စီးနင်းသွားလာရန်မတတ်နိုင်၍ များစွာ အခက်အခဲကြုံတွေ့နေရပါတယ်။ ယခင်က ရခိုင်ပြည်နယ်ဌာနခွဲ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးပိုင် အောင်တံခွန်သင်္ဘောများပြေးဆွဲခဲ့စဉ်က ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းနှင့် ကျောက်နီမော်၊ ဟိုးဝဆိပ်ကမ်းတို့မှ တောင်ကုတ်မြို့၊ စစ်တွေမြို့တို့သို့ စရိတ်သက်သာစွာဖြင့် ဆက်သွယ်သွားလာနိုင်ခဲ့ကြသဖြင့် အဆင်ပြေကောင်းမွန်မှုများရှိကြပါတယ်။

ရမ်းဗြဲမြို့နယ်ဒေသနေ ပြည်သူလူထုအနေဖြင့် ရေကြောင်းဆက်သွယ်သွားလာရေး လွယ်ကူ အဆင်ပြေစေရန် ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းနှင့် ကျောက်နီမော်၊ ဟိုးဝဆိပ်ကမ်းတို့ကို နိုင်ငံတော်မှ ဘဏ္ဍာငွေ သိန်းပေါင်းများစွာအကုန်အကျခံကာ ဆိပ်ကမ်းတံတားများကိုလည်း တည်ဆောက်ထားရှိပြီး ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်သူ/ပြည်နယ်သားများ ရေကြောင်းခရီးဆက်သွယ်သွားလာရေးလွယ်ကူ အဆင်ပြေစေရန်အတွက် ဂျပန်နိုင်ငံအစိုးရကလည်း ကမ်းရိုးတန်းသွား သင်္ဘောသုံးစီးကိုလည်း ပံ့ပိုး ကူညီပေးထားပြီး ဆက်သွယ်သွားလာပို့ဆောင်ပေးလျက်ရှိနေပါတယ်။ ရမ်းဗြဲမြို့နယ်ဒေသနေ ပြည်သူ များမှာ သင်္ဘောကြီးများကို မြင်တွေ့နေရပါလျက် မြင်သာမြင်ရမကြင်ရဆိုသလို လက်တွေ့ကြုံတွေ့ ခံစားနေကြရပါတယ်။ နိုင်ငံတော်က စရိတ်စကများအကုန်အကျခံ တည်ဆောက်ထားသော ဆိပ်ခံ တံတားကြီးများမှာလည်း အချည်းနှီးဖြစ်နေကြရပါတယ်။ သို့ဖြစ်ပါ၍ ရမ်းဗြဲမြို့နယ်ရှိ ဒေါရထ ဆိပ်ကမ်းနှင့် ကျောက်နီမော်၊ ဟိုးဝဆိပ်ကမ်းတို့သို့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးပိုင် ကစ္ဆပနဒ အမြန်သင်္ဘောများ အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ်ဆိုက်ကပ်ပေးခြင်းဖြင့် ကုန်ပစ္စည်း များကို စရိတ်စက သက်သာစွာဖြင့် ပို့ဆောင်ပေးနိုင်ပြီး ခရီးသွားပြည်သူများလည်း စရိတ်သက်သာစွာ လျှင်မြန်လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မှာဖြစ်ပါတယ်။

ဒေသရဲ့အခြေအနေကို သိမြင်နိုင်ဖို့အတွက် Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ဒါက ရာမရဒီ ရမ်းဗြဲမြို့အဝင်ဖြစ်ပါတယ်။ ဒါက ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းဖြစ်ပါတယ်။ ဒါက

ကျောက်နီမော်၊ ဟိုး၀ဆိပ်ကမ်းဖြစ်ပါတယ်။ ဒါကတော့ ရခိုင်ပြည်နယ်မှာပြေးဆွဲနေတဲ့ ကစ္ဆပနဒီ သင်္ဘောဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာသို့မေးမြန်းလိုသည်မှာ နိုင်ငံတော်က ဘဏ္ဍာငွေများစွာ ကျခံတည်ဆောက်ထားသော ရမ်းဗြဲမြို့ ဒေါရထဆိပ်ကမ်းနှင့် ကျောက်နီမော်၊ ဟိုး၀ဆိပ်ကမ်းတို့တွင် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးပိုင် သင်္ဘောများ အနည်းဆုံး တစ်ပတ်လျှင် တစ်ကြိမ် ဆိုက်ကပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီစဉ်ရှိပါက မည်သည့်အချိန်တွင်စတင်ဆိုက်ကပ်ပေးသွားမည်၊ အစီစဉ်မရှိပါက မည်သည့်အကြောင်းကြောင့်ဖြစ်သည်ကို သိရှိလိုပါသဖြင့် ရမ်းဗြဲမြို့နယ် လုပ်သားပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၀န်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်မျိုး(ဒုတိယ၀န်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၀န်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ရွှေ၏ ရမ်းဗြဲမြို့နယ်မှ စစ်တွေမြို့နှင့်တောင်ကုတ်မြို့သို့ ရေကြောင်းခရီးဖြင့် စရိတ်သက်သာစွာ သွားလာဆက်သွယ်နိုင်ရေးအတွက် ရမ်းဗြဲမြို့(ဒေါရထ)ဆိပ်ကမ်းနှင့် ကျောက်နီမော်(ဟိုး၀) ဆိပ်ကမ်းတို့မှာ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးပိုင်သင်္ဘောများ ဆိုက်ကပ်ပို့ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး၀န်ကြီးဌာနက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး၀န်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရခိုင်ဌာနခွဲက စစ်တွေ-တောင်ကုတ်ခရီးလမ်းကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာလကစပြီးတော့ အောင်တံခွန် ရေယာဉ်များဖြင့် ပေါက်တော၊ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ(ဒေါရထ)နှင့် ကျောက်နီမော်(ဟိုး၀) ကြားဆိပ်ကမ်းများတွင်ဆိုက်ကပ်၍ တစ်ပတ်(၃)ခေါက်ပြေးဆွဲပေးခဲ့ပါတယ်။ စစ်တွေ-တောင်ကုတ် ခရီးလမ်းဟာဆိုရင် မြစ်တွင်းသွားခရီးစဉ်သက်သက်မဟုတ်ဘဲ ကျောက်ဖြူနှင့်မြေပုံကြားခရီးလမ်းမှာ ပင်လယ်ပြင်ကို ဖြတ်သန်းခုတ်မောင်းရတဲ့ ရေလမ်းကြောင်းခရီးစဉ်တစ်ခုဖြစ်တဲ့အတွက် ရေယာဉ်များ ရဲ့ကြံ့ခိုင်မှုအခြေအနေအရ နောက်ပိုင်းမှာ တစ်ပတ် တစ်ခေါက်သာပြေးဆွဲပေးနိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ် မတ်လမှာ အောင်တံခွန်-၃ ရေယာဉ်နစ်မြုပ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း သက်တမ်းကြာမြင့်ပြီဖြစ်တဲ့ အောင်တံခွန်ရေယာဉ်များရဲ့ ကြံ့ခိုင်မှုအခြေအနေအရ ပင်လယ်ပြင်ကို ဖြတ်သန်းခုတ်မောင်းရန် စံချိန်စံညွှန်းသတ်မှတ်ချက်ပြည့်မီခြင်းမရှိသဖြင့် ဆက်လက်ပြေးဆွဲခြင်း မပြုရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းညွှန်ကြားမှုဦးစီးဌာနက ကန့်သတ် လိုက်ခြင်းကြောင့် ၁-၅-၂၀၁၅ ရက်နေ့မှစတင်၍ စစ်တွေ-တောင်ကုတ်ခရီးလမ်းကို ပိတ်သိမ်းခဲ့ရပြီး မြစ်တွင်းသွားခရီးစဉ်ဖြစ်တဲ့ စစ်တွေ-ဘူးသီးတောင်ခရီးလမ်းတွင်သာ ရေယာဉ်သုံးစီးဖြင့် အလှည့်ကျ တစ်ပတ် သုံးခေါက်ပြေးဆွဲပေးလျက်ရှိပါတယ်။

အဲဒီအချိန်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနရှိ ရေယာဉ်များအားလုံးက ပင်လယ်ပြင်ကိုဖြတ်သန်းခုတ်မောင်းရတဲ့ စစ်တွေ-တောင်ကုတ်ခရီးစဉ်ပြေးဆွဲနိုင်ရန် စံချိန်စံညွှန်း သတ်မှတ်ချက်ပြည့်မီခြင်းမရှိတဲ့အတွက် အခြားရေယာဉ်များဖြင့်လည်း ပြေးဆွဲပေးနိုင်ခြင်းမရှိဘဲ ဂျပန် နိုင်ငံကလှူဒါန်းတဲ့ ကစ္ဆပနဒီ-၁ ရေယာဉ်ကို ၂၉-၃-၂၀၁၇ ရက်နေ့မှာ လက်ခံရရှိပြီးနောက် ၁၀-၄-၂၀၁၇ ရက်နေ့မှစ၍ ၎င်းရေယာဉ်ဖြင့် စစ်တွေ-တောင်ကုတ်ခရီးလမ်းကို တစ်ပတ် နှစ်ခေါက် ပြန်လည် ပြေးဆွဲပေးနိုင်ခဲ့ပါတယ်။ ကစ္ဆပနဒီ-၁ ရေယာဉ်၏ ရေစူးကန့်သတ်ချက်ကြောင့် ယခင်က အောင်တံခွန် ရေယာဉ်များဖြင့်ပြေးဆွဲခဲ့တဲ့ စစ်တွေ-တောင်ကုတ်ခရီးစဉ်ရဲ့ ကြားဆိပ်ကမ်းများဖြစ်တဲ့ ရမ်းပြဲ(ဒေါ်ရထ) နှင့်ကျောက်နီမော်(ဟိုး၀)ဆိပ်ကမ်းများရဲ့ အဝင်ရေလမ်းအနေအထားအရ ဝင်ရောက်ဆိုက်ကပ် နိုင်ခြင်းမရှိဘဲ စစ်တွေ-မြေပုံ-ကျောက်ဖြူ-တောင်ကုတ်ခရီးစဉ်အတိုင်းသာ ဆိုက်ကပ်ပြေးဆွဲပေးနိုင်ခဲ့ ပါတယ်။

ဒါကတော့ ရမ်းပြဲ(ဒေါ်ရထ)ကို ဝင်ရမယ့်ရေလမ်းကြောင်းအခြေအနေပြတာပါ။ ဒီဟာဆို ဆိပ်ကမ်းက ရေမိုင် ၆ မိုင်ခန့် သူ့ထဲကိုဝင်ရပါတယ်။ ပြီးတော့ ကျောက်ဆောင်တွေကြားမှာ ခုတ်မောင်း ရတဲ့အတွက် ရေကျချိန်မှာအထူးသတိထားပြီး ဆိပ်ကမ်းအဝင်မှာ ရေလမ်းကျဉ်းမြောင်းတဲ့အတွက် ကြောင့် ပြန်ထွက်တဲ့နေရာမှာလည်း ရေယာဉ်လှည့်ရာမှာ အခက်အခဲတွေရှိပါတယ်။ ဒီဟာကတော့ ကျောက်နီမော်(ဟိုး၀)ဆိပ်ကမ်းကို ဝင်ရောက်ရမယ့်အခြေအနေဖြစ်ပါတယ်။ ပုံမှန်ရေလမ်းကြောင်း ကနေပြီးတော့ ဒီ ဟိုး၀ဆိပ်ကမ်းကို ရေမိုင် ၃.၇ မိုင်ခန့်ဝင်ရောက်ရပါတယ်။ အဝင်ဝမှာလည်း ရေမြုပ် ကျောက်တန်းများရှိတဲ့အတွက် အထူးသတိထားပြီး ခုတ်မောင်းရတဲ့အခြေအနေဖြစ်ပါတယ်။

ကစ္ဆပနဒီ-၁ ရေယာဉ်ဖြင့် ၁၁-၄-၂၀၁၇ ရက်နေ့မှစတင်ပြီးတော့ တောင်ကုတ်-မာန်အောင် ခရီးလမ်းကိုလည်း ၁၁-၄-၂၀၁၇ ရက်နေ့မှစတင်၍ တစ်ပတ်နှစ်ခေါက်ပြေးဆွဲပေးခဲ့ပါတယ်။ ဒါက တော့ တောင်ကုတ်-မာန်အောင်ခရီးစဉ် ကစ္ဆပနဒီ-၁ ရေယာဉ်နဲ့ပြေးဆွဲတဲ့ လမ်းကြောင်းကိုပြတဲ့ဟာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကနေပြီးတော့ ကျောက်နီမော်(ဟိုး၀)ကိုသာ၀င်မယ်ဆိုရင် ရေမိုင် ၅.၄ မိုင်ခန့် သီးခြား၀င်ရောက်ရမှာဖြစ်ပါတယ်။ ပြီးတော့ အဲဒီတောင်ကုတ်-မာန်အောင်ခရီးလမ်းက ပင်လယ် ရေတက်ချိန် လေးနာရီအတွင်း အသွား/အပြန်အချိန်ကိုက်ပြေးဆွဲရတဲ့အတွက်ကြောင့်လည်းကောင်း၊ ရေမြုပ်ကျောက်တန်းများ ရှိတဲ့အတွက်လည်းကောင်း အချိန်လုံလောက်မှုမရှိတဲ့အတွက်ကို တောင်ကုတ်-မာန်အောင် တိုက်ရိုက်ပြေးဆွဲရခြင်းဖြစ်ပါတယ်။ ကစ္ဆပနဒီ-၁ ရေယာဉ်ဖြင့် စစ်တွေ-ကျောက်ဖြူခရီးလမ်းကိုလည်း ၅-၈-၂၀၁၇ ရက်နေ့က စတင်ပြီး တစ်ပတ်နှစ်ခေါက်ပြေးဆွဲပေးခဲ့ပြီး ၂၅-၇-၂၀၁၇ ရက်နေ့မှာ ထပ်မံရောက်ရှိလာတဲ့ ဂျပန်နိုင်ငံမှလှူဒါန်းတဲ့ ဒုတိယရေယာဉ် ကစ္ဆပနဒီ-၂ ရေယာဉ်ဖြင့်လည်း ၁-၉-၂၀၁၇ ရက်နေ့မှစ၍ စစ်တွေ- ကျောက်ဖြူခရီးလမ်းကို တစ်ပတ်နှစ်ခေါက် ပြေးဆွဲပေးခဲ့ပါတယ်။ တဖန် ဂျပန်နိုင်ငံက တတိယအကြိမ်မြောက်လှူဒါန်းတဲ့ ကမ်းရိုးတန်းသွား ခရီးသည်တင် အမြန်ယာဉ်အသစ် ကစ္ဆပနဒီ-၃ ရေယာဉ်ဟာဆိုရင် ၈-၃-၂၀၁၉ ရက်နေ့မှာ ရောက်ရှိ လာပြီးနောက် ၅-၄-၂၀၁၉ ရက်နေ့မှာ စစ်တွေ-ကျောက်ဖြူခရီးလမ်းကို ကမ်းရိုးတန်းသွားတိုက်ရိုက် ရေလမ်းကြောင်းဖြင့် စတင်ပြေးဆွဲခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်အတွင်း ခရီးသွားပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် ဂျပန်နိုင်ငံမှ ၂၀၁၇ ခုနှစ်မှာထောက်ပံ့လှူဒါန်းခဲ့တဲ့ အသုံးပြုဆဲ ခရီးသည် သီးသန့်တင် ကစ္ဆပနဒီ-၁ နှင့် ကစ္ဆပနဒီ-၂ ရေယာဉ်တို့ဖြင့် စစ်တွေ-တောင်ကုတ်၊ တောင်ကုတ်-မာန်အောင်ခရီးပြေးဆွဲခဲ့သော်လည်း ဆီစားနှုန်းများပြီး ခရီးသည်လိုက်ပါမှုအလွန်နည်းပါးသဖြင့် ခရီးစဉ်အခေါက်တိုင်း အရှုံးများစွာဖြစ်ပေါ်နေခြင်း၊ ၈-၃-၂၀၁၉ ရက်နေ့မှာ ဂျပန်နိုင်ငံမှရောက်ရှိ လာတဲ့ ကမ်းရိုးတန်းသွားခရီးသည်တင် ကစ္ဆပနဒီ-၃ အမြန်ရေယာဉ်အသစ်ကိုလည်း အဆိုပါခရီးလမ်း ကို ပြေးဆွဲပါက ပိုမိုအရှုံးပေါ်လာနိုင်သည့်အတွက် စစ်တွေ-ကျောက်ဖြူခရီးလမ်းကိုသာ ပြေးဆွဲပေး လျက်ရှိခြင်းဖြစ်ပါတယ်။

ထိုကဲ့သို့ စီးပွားရေးတွက်ခြေမကိုက်မှုများရှိသော်လည်း ပြည်သူ့၀န်ဆောင်မှုတစ်ရပ်အနေနဲ့ ခရီးစဉ်များကို လုံး၀ရပ်နားခြင်းမပြုခဲ့ဘဲ အခေါက်ရေများကိုသာလျှော့ချပေးဆွဲပေးခဲ့ပါတယ်။ ဒါပေမဲ့

လည်း ကစ္ဆပနဒီ-၁ ရေယာဉ်နှင့် ကစ္ဆပနဒီ-၂ ရေယာဉ်များရဲ့ကိုယ်ထည်နှင့်စက်မှုပိုင်းဆိုင်ရာ ချို့ယွင်းမှုများကြောင့် အဆိုပါရေယာဉ်နှစ်စီးဖြင့်ပြေးဆွဲခဲ့တဲ့ စစ်တွေ-တောင်ကုတ်၊ တောင်ကုတ်-မာန်အောင်နှင့် စစ်တွေ-ကျောက်ဖြူခရီးစဉ်များကိုရပ်နားခဲ့ရပြီး ကျင်းတင်ပြင်ဆင်ပြီးမှသာ အချို့ခရီးစဉ်များကို ပြန်လည်ပြေးဆွဲနိုင်မှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ကစ္ဆပနဒီ-၃ ရေယာဉ်ဖြင့် စစ်တွေ-ကျောက်ဖြူ တိုက်ရိုက်ခရီးစဉ်နှင့် အောင်တံခွန်ရေယာဉ်များနှင့် စစ်တွေ-ဘူးသီးတောင်တိုက်ရိုက်ခရီးစဉ်များကိုသာ ပြေးဆွဲပေးလျက်ရှိပါတယ်။

ဒါကတော့ ပြေးဆွဲခဲ့တဲ့ခရီးစဉ်၊ နောက်ရပ်နားရတဲ့ အခြေခံအကြောင်းအရင်းများကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီဟာကတော့ စစ်တွေတောင်ကုတ်ခရီးစဉ်တွေနဲ့ တောင်ကုတ်-မာန်အောင် တိုက်ရိုက်ခရီးစဉ်တွေဖြစ်ပါတယ်။ ဒါကလည်း ကျောက်ဖြူ-စစ်တွေ၊ မြေပုံ-ကျောက်ဖြူကို ကစ္ဆပနဒီ-၁ နဲ့ကစ္ဆပနဒီ-၂ ပြေးဆွဲတဲ့နေရာမှာ ရေယာဉ်တွေကို ခုနပြောသလို စက်မှုပိုင်းနဲ့ကိုယ်ထည်ပိုင်းချို့ယွင်းမှုများကြောင့်ရပ်နားခဲ့ရပြီး ကျင်းတင်ပြုပြင်ပြီးတဲ့အခါမှာဆိုရင်တော့ အဲဒီခရီးစဉ်တွေကိုပြန်လည်ပြေးဆွဲဖို့ စီမံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ကစ္ဆပနဒီရေယာဉ်များဟာဆိုရင် ခရီးသည်သီးသန့်တင်ရေယာဉ်များဖြစ်ပြီးတော့ ကုန်စည်သယ်ဆောင်နိုင်မှုမရှိခြင်း၊ ရေယာဉ်များ၏ရေစူးနှင့် အမြန်နှုန်းကြောင့် ဆီစားနှုန်းများပြားခြင်းတို့ကြောင့် ရမ်းဗြဲမြို့နယ်မှ စစ်တွေမြို့နှင့် တောင်ကုတ်မြို့များသို့ သွားလာဆက်သွယ်နိုင်ရန်အတွက် ရမ်းဗြဲမြို့(ဒေရထိ)ဆိပ်ကမ်းနှင့် ကျောက်နီမော်(ဟိုး၀)ဆိပ်ကမ်းတို့မှာ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးသင်္ဘောများ ဆိုက်ကပ်ပို့ဆောင်ပေးရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**ဖြူးမြို့နယ်ရှိ နွေစပါးစိုက်တောင်သူ လယ်သမားများ၏ လိုးလားချက်များကို ဖြည့်ဆည်းပေးရန်နှင့် ဆည်ရေသောက်စီမံကိန်းကို လာမည့်နှစ်တွင် ဘတ်ဂျက်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းညွန့်(ဖြူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့် ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော် ဒီမှာတင်ပြလိုတဲ့အချက်ကတော့ ဖြူးမြို့နယ်မှာ နွေးစပါးစိုက်တဲ့တောင်သူလယ်သမားအများစုရဲ့ လိုလားချက်များနှင့် ဖြည့်ဆည်းနိုင်ရန်အတွက် ဖြူးမြို့နယ် မဲဇလီဆည်ရေသောက်စီမံကိန်းကို လာမည့်နှစ်မှာ ဘတ်ဂျက်တိုးမြှင့်ပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းတာဖြစ်ပါတယ်ခင်ဗျား။

လေးစာရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖြူးမြို့နယ်ဘက်စုံရေလှောင်တမံ စီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်ကနေစတင်တည်ဆောက်ခဲ့ရာမှာ ရေလှောင်တမံကို ၂၀၁၂ ခုနှစ်တွင် ပြီးစီးပြီးတော့ ရေလွှဲဆည်ကို ၂၀၁၃ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ သူနှင့်တစ်ဆက်တည်းမှာပဲ လျှပ်စစ်ဓာတ်အားပေးစက် မဂ္ဂါဝပ် ၂၀ လုံး နှစ်လုံးကိုလည်း ၂၀၁၄ ခုနှစ်တွင် ပြီးစီးပြီးတော့ လျှပ်စစ်ကိုတော့ ၂၀၁၅ ခုနှစ်တွင် စတင်လည်ပတ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက ဆည်ရေသောက်စီမံကိန်းကို တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒီဆည်ရေသောက်စီမံကိန်းဟာ စီမံချက်ထဲမှာ ဖြူးမြို့နယ်တစ်နယ်လုံးအတွက် ဧကပေါင်း ၉၀၀၀၀ ကျော်ရေပေးဝေမှု စီမံချက်ထဲမှာ ရေးဆွဲပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ ကနေ့အထိ ၂၀၁၈ ခုနှစ်အထိ ရေပေးဝေနိုင်မှုဟာ ဆည်ရေသောက်ဧရိယာရဲ့ ၅.၃ ရာခိုင်နှုန်းသာ ရှိသေးတဲ့အတွက် ဆည်ရေသောက်ဧရိယာဟာ ဧကပေါင်း ၄၈၀၀ ပဲ ပေးနိုင်ခဲ့တာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြူးမြို့နယ်မှာ တစ်သီးစားစိုက်ဧကပေါင်းဟာ ၃၅၀၀၀ ကျော်ရှိပါတယ်ခင်ဗျား။ အဲဒီတော့ ဒီ ၃၅၀၀၀ ကျော်ရှိတဲ့ တစ်သီးစားနှင့် စိုက်နေရတဲ့ လယ်သမားအများစုကတော့ ကျေးရွာအုပ်စုများဖြစ်ကြတဲ့ လိပ်ပေါ၊ ပေါစလုတ်၊ ကြီးရိုး၊ ကျော်လှကြီး၊ မန်းလောင်၊ လယ်ပြင်ကြီး၊ လှသင်းမောင်၊ ကညွှင်နိုင်၊ မိတ်သလင်၊ သစ်ပိုက်၊ အင်းမင်းသား၊ ငှက်မြစ်ချင်း၊ ဘုရားလာ၊ သပြေလဟာနှင့် သရက်ကုန်း ၁၅ အုပ်စုမှ လယ်သမားအချို့ဟာ တစ်သီးစားတွေဖြစ်တဲ့အတွက် သူတို့ဟာ ဒီလယ်ယာမြေကို နှစ်သီးစားစိုက်နိုင်အောင်လို့ နွေစပါးကိုအားကိုနေကြတာ။ ဒါကြောင့်မို့လည်း ကျွန်တော်တို့နယ်မှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီကိစ္စကို ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ စဉ်းစားတာကတော့ ကျွန်တော်တို့မြို့နယ်မှာ ချောင်း၊ မြောင်းတွေရှိပါတယ်။ အဲဒီချောင်း၊ မြောင်းတွေကတော့ နွေစပါးစိုက်လို့ရတဲ့ ချောင်း၊ မြောင်းတွေကတော့ ဇဟားချောင်း၊ သစ်ပိုက်ချောင်း၊ ငါးနုစမ်းချောင်း၊

ကွင်းချောင်း၊ ငါးခူးညောင်ရိုးချောင်းစတဲ့ ချောင်း၊ မြောင်းတွေကနေပြီး ကျွန်တော်တို့ သက်ဆိုင်ရာ အတတ်ပညာရှင် အင်ဂျင်နီယာတွေနှင့်တိုင်ပင်၊ မြို့နယ်က တာဝန်ရှိပုဂ္ဂိုလ်တို့နှင့် တိုင်ပင်ပြီးတော့ ဒီပေါ်မှာ တမံပိတ်ခြင်းဖြင့် ရေပေးလိုက်ရင်တော့ နွေစပါးစိုက်လို့ရတယ်ဆိုပြီးတော့၊ စဉ်းစားပြီးတော့ ၂၀၁၆-၂၀၁၇ မှာ ကျွန်တော်တို့စပြီးတော့ စမ်းသပ်စိုက်လိုက်ရာမှာ ဧက ၅၀၀ လောက်က ဖြစ်ထွန်း အောင်မြင်သွားပြီးတဲ့အခါမှာ ဘေးကအခြားအုပ်စုက လယ်သမားတွေကသိကြတဲ့အခါ နောက်နှစ်မှာ ဒီထက်ဒီစိုက်ကြမယ်ဆိုပြီး ကျွန်တော်တို့ထပ်မံပြီးတော့ ၂၀၁၇-၂၀၁၈ မှာ ဧကပေါင်း ၅၀၀၀ ခန့် တိုးပြီးတော့စိုက်ပျိုးလာနိုင်တာတွေ့ရပါတယ်။ ဒီဟာကလည်း အတတ်ပညာရှင်တွေရော၊ သက်ဆိုင်ရာ စီမံကိန်းဝင်တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေရောအားလုံးစုပေါင်းပြီးတော့၊ စဉ်းစားပြီးတော့ ဆောင်ရွက်ပေးခဲ့ တာဖြစ်ပါတယ်။

အဲဒီတော့ ၂၀၁၇-၂၀၁၈ မှာ ၅၀၀၀ စိုက်လာပြီးတော့ အခု ၂၀၁၈-၂၀၁၉ မှာ ကျေးရွာအုပ်စု တွေက အကုန်လုံး နွေစပါးစိုက်ဧကတွေကို ထပ်ပြီးတော့ တောင်းလိုက်တဲ့အခါမှာ အများကြီးတက်လာ တယ်။ တက်လာတော့ ကျွန်တော်တို့ဒါကို ထပ်ပြီးတော့ ပေးနိုင်အောင်လို့ အထက်ကတင်ထားတဲ့ ချောင်း၊ မြောင်း၊ ရိုးတွေကနေပြီးတော့ ရေတွေကိုလွှတ်ပေးရင်ရနိုင်မှာလားဆိုပြီးတော့ အားလုံး တွက်ချက်ပြီးတော့ လုပ်လိုက်တဲ့အခါမှာ ၂၀၁၈-၂၀၁၉ မှာ ဧကပေါင်း ၁၂၈၀၀ နွေစပါးကို စိုက်လာ နိုင်တော့ နွေစပါးစိုက်တဲ့ လယ်သမားတွေကလည်း ပျော်ရွှင်ပြီးတော့ နှစ်ပေါင်း ၇၀ နီးပါး တစ်သက်လုံး နှစ်သီးစားမရတာ ဒီနှစ်မှရတယ်ဆိုပြီး ဝမ်းသာပြီးတော့။ အဲဒီတော့ သူတို့က တကယ် တော့ ရေရဲ့အဓိကအသုံးဝင်မှုတွေလည်း တကယ်သဘောပေါက်သွားပြီးတော့ သူတို့ကိုအစည်းအဝေး တစ်ရပ်ခေါ်ပါတယ်။ နောက်ရာသီဥတုရဲ့ ဖောက်ပြန်မှုတွေကိုလည်း သူတို့မိုးစပါးကိုလည်း အားကိုး ရတာ အခက်အခဲအမျိုးမျိုးရှိတော့ နွေစပါးကို တအားစိုက်ချင်လာကြတော့ လယ်သမားတွေရဲ့ ဆန္ဒ အရ ကျွန်တော်တို့အနေနဲ့ ငါးရက်၊ လေးလပိုင်းမှာ အစည်းအဝေးခေါ်ပြီးတော့ လုပ်လိုက်တဲ့အခါမှာ လယ်သမားတွေက နွေစပါးစိုက်ဖို့တောင်းဆိုလာပါတယ်။ အဲဒီတော့ တောင်းဆိုလာတဲ့အခါမှာ နွေစပါး စိုက်တဲ့ ကုန်ကျစရိတ်က တစ်ဧကကို ၂၀၀၀ ရှိရတယ်။ တမံတွေပိတ်ရတယ်။ အဆင့်ဆင့် ပိတ်ရတယ်။ ကျွန်တော်တို့ ဒါတွေကို အားလုံးအတတ်ပညာရှင်တွေနဲ့ အားလုံးစုပေါင်းပြီးတော့ ဖြေရှင်းလိုက်တဲ့ အခါမှာ ဒီနှစ် ၁၂၈၀၀ ရပါတယ်။ ဒါကြောင့်မို့လို့ ဒီနွေစပါးဟာ လယ်သမားတွေရဲ့ အသကဖြစ်နေတဲ့ အတွက် ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနကနေ နွေစပါးကို ဒီနှစ်လာမည့်နှစ်မှာ ပိုတိုးပြီးတော့

ဘတ်ဂျက်ကို ဒီထက်မကတိုးပြီးတော့ ပေးပါရန်လို့ တိုးတောင်းတာဖြစ်ပါတယ်။ ဒါကြောင့်မို့ တိုးပေးဖို့ အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူး တိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်အနေနဲ့ ပဲခူး တိုင်းဒေသကြီး၊ ဖြူးမြို့နယ်မှာ နွေစပါးမျိုးသန့်ရင် တစ်ဧက တင်း ၁၀၀ ခန့်ထွက်ရှိရာကနေပြီးတော့ နွေစပါးစိုက်ဧကဟာ လာမည့်နှစ်မှာ ယခုကာလထက် ပိုမိုတိုးတက်လာဖွယ်ရှိလတာကတစ်ကြောင်း၊ တောင်သူတွေရဲ့ လက်ရှိဆောင်ရွက်နေတဲ့ ချောင်းပိတ်၊ မြောင်းပိတ်စနစ်က ရေပေါ်မြောင်းစနစ် ပြောင်းလဲစိုက်ပျိုးလိုတာတစ်ကြောင်း၊ နွေစပါးတောင်သူတွေရဲ့လိုလားချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့နှင့် ဆည်ရေသောက်စီမံကိန်းကို လာမည့်နှစ်မှာ ဘတ်ဂျက်တိုးမြှင့်ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဦးလှကျော်မှ ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသ အရှေ့ခြမ်းမှာရှိတဲ့ ဖြူးမြို့နယ်ဟာ တိုင်းဒေသကြီးအတွင်း ဆန်၊ စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက် အားထားရာဒေသဖြစ်ပါတယ်။ အဓိကအားဖြင့် ဆန်၊ စပါး စိုက်ပျိုးထုတ်လုပ်မှုမှာ ရေရရှိရေးဟာ ပဓာနကျတဲ့အလျောက် ဆည်မြောင်း၊ ရေလှောင်တမံတွေကို လည်းပဲ တည်ဆောက်အကောင်အထည်ဖော်ပေးလျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလို ဖြူးမြို့နယ်အတွင်းမှာရှိတဲ့ ဖြူးချောင်းဘက်စုံရေလှောင်တမံစီမံကိန်းကို ၂၀၀၂ ခုနှစ် မှာစတင်တည်ဆောက်ခဲ့ပါတယ်။ အခုအခါမှာ ရေလှောင်တမံ၊ ရေပိုလွှဲ၊ ရေယူအဆောက်အအုံ၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံတွေနှင့် ရေလွှဲဆည်တွေဟာ အားလုံးတည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဆည်ရေသောက်တည်ဆောက်ရေးလုပ်ငန်းတွေဟာ ဆက်လက် ဆောင်ရွက်ဆဲရှိတဲ့ အခြေအနေဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒီလိုဆည်ရေသောက်စနစ် တည် ဆောက်ခြင်းလုပ်ငန်းတွေကို ၂၀၁၂-၂၀၁၃ ကနေစတင်တည်ဆောက်ခဲ့ပါတယ်။ ရန်ပုံငွေရရှိတဲ့

အပေါ်မှာမူတည်ပြီး ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်၊ ဧပြီ-စက်တင်ဘာ ခြောက်လဘတ်ဂျက်နှစ်အထိ လုပ်ငန်းဟာ ၁၈.၆၂ ရာခိုင်နှုန်းသာ ဆောင်ရွက်ပြီးစီးနိုင်ခဲ့ပါတယ်။ စီမံကိန်းလျာထားတဲ့ ဧက ၉၀၀၀၀ ထဲမှာ ဧက ၁၈၀၀ ကိုသာ ရေပေးဝေနိုင်မှုရှိတဲ့အခြေအနေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြူးချောင်းရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းရဲ့ စုစုပေါင်းခန့်မှန်းကုန်ကျစရိတ်ဟာ ကျပ်သန်း ၇၀.၇၃ ဘီလီယံ ဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဧပြီ-စက်တင်ဘာ ခြောက်လဘတ်ဂျက်အထိ ရန်ပုံငွေက ကျပ် ၁၂ ဘီလီယံ ရရှိပြီးဖြစ်ပါတယ်။ ဆည်ရေသောက်စနစ်တစ်ခုလုံးပြီးစီးဖို့အတွက်ဆိုရင် ကျပ် ၅၈.၇ ဘီလီယံ ထပ်မံလိုအပ်မှုရှိတဲ့ အခြေအနေ ဖြစ်ပါတယ်။ လက်ရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာတော့ ကျွန်တော်တို့ ရန်ပုံငွေ ကျပ် ၃ ဘီလီယံ ခွင့်ပြုချက်ရရှိထားပြီးဖြစ်တဲ့အလျောက် ဆည်ရေသောက်စနစ်လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နွေစပါးစိုက်ပျိုးဖို့အတွက် ဆည်ရေသောက်စနစ်တူးမြောင်းတွေ မပြီးစီးသေးတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ ချောင်းပိတ်၊ မြောင်းပိတ်တွေလုပ်ပြီး လိုအပ်တဲ့ဆည်ရေဖြည့်ဆည်းမှုလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ နွေစပါးဧက ၈၀၀၀ ကို လျာထားဆောင်ရွက်တဲ့အခါမှာ အမှန်တကယ်စိုက်ပျိုးတဲ့အခါမှာ ဧက ၁၀၀၀၀ ကျော်အထိ စိုက်ပျိုးရေပေးဝေနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဆိုပါ ချောင်းပိတ်၊ မြောင်းပိတ်စနစ်ဟာ ပြန်လည်ဆန်းစစ်ကြည့်မယ်ဆိုရင် ရေရှည်မှာ ချောင်း၊ မြောင်းတွေ တိမ်ကောလာနိုင်တဲ့အနေအထား၊ ချောင်းပိတ်တမံပြုလုပ်ဖို့အတွက် မြေနေရာရယူဖို့အတွက် မြေရယူလိုတဲ့အခက်အခဲ၊ နေက်တစ်ဖက်မှာလည်း တောင်သူတွေရဲ့ ကုန်ကျစရိတ်ကြီးမားမှု၊ ချောင်းဘေးဝဲယာအနိမ့်ပိုင်းကနေ လယ်မြေများသာရေရောက်နိုင်ပြီးတော့ အမြင့်ပိုင်း ရေမရောက်ရှိနိုင်တဲ့ အခြေအနေ၊ ရေသွင်းရေထုတ်စနစ်တကျမရှိတဲ့အတွက်တော့ ရေလေလွင့်ဆုံးရှုံးမှုများကလည်းပဲ ရှိတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ဆည်ရေသောက်စနစ်လုပ်ငန်းများဖြစ်တဲ့ မြေပေါ်မြောင်းတွေ ဆောင်ရွက်နိုင်မှသာ တောင်သူလယ်သမားများရဲ့ အခက်အခဲကြုံတွေ့မှုကို လျော့နည်းလာမှာဖြစ်ပြီးတော့ အမြင့်ပိုင်လယ်မြေကိုလည်းပဲ ဆည်ရေပေးဝေနိုင်မည့် အနေအထားဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြူးမြို့ရဲ့ အရှေ့ဘက်ရှိ လယ်မြေအများစုကလည်း မိုးစပါးတစ်သီးသာ စိုက်ပျိုးရတဲ့ လယ်မြေများဖြစ်ကြပါတယ်။ ဖြူးချောင်းတမံဟာ စိုက်ပျိုးရေပေးဝေဖို့ ရေလုံလောက်စွာ

ရှိနေတဲ့အတွက် တောင်သူတွေ၊ နွေစပါး ဒါမှမဟုတ် ဈေးကွက်ဝင်အခြားသီးနှံတွေကို ရာသီမရွေး စိုက်ပျိုးနိုင်ဖို့အတွက် ဝင်ငွေတိုးတက်လာစေနိုင်ဖို့အတွက် ဆည်ရေသောက်စနစ်တွေဟာ မြေပေါ် မြောင်းများအဖြစ်သာ ပြီးစီးအောင် ဆောင်ရွက်သွားနိုင်ဖို့အတွက် လိုအပ်တဲ့အခြေအနေဖြစ်ပါတယ်။

သို့ဖြစ်တဲ့အတွက် ဖြူးချောင်းဆည်ရေသောက်စနစ်တစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးဆောင်ရွက်နိုင်ခြင်းအားဖြင့် ဒေသအတွင်း တောင်သူတွေရဲ့ လူမှုစီးပွားဘဝ သိသာစွာ တိုးမြှင့်နိုင်ဖို့အတွက် လာမည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ယခင်နှစ်ကထက် ရန်ပုံငွေတိုးမြှင့်လျာထားစီမံဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။ ဆည်ရေသောက်စနစ်တည်ဆောက်နိုင်ဖို့အတွက် ဘဏ္ဍာနှစ်အလိုက် လျာထားတင်ပြထားတဲ့ ရန်ပုံငွေတွေ ပြည့်စုံလုံလောက်စွာရရှိနိုင်ပေါ်မှာမူတည်ပြီ ဖြူးဆည်ရေသောက်စနစ်တစ်ခုလုံးကို ရာနှုန်းပြည့်ပြီးစီးအောင် စီမံဆောင်ရွက်သွားနိုင်မည့် အခြေအနေဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တမေဦးချပြေစာပေါက်လယ်မြေများကို သိမ်းယူပြီး ငါးကန်များတူးဖော်ခြင်း၊ ဂရန်အင်းနယ်မြေများကိုပါ ရေနက်ကွင်း၊ ရေမြုပ်ငါးကန်အဖြစ်တူးဖော်ပြီး ငါးရိုင်းများသွင်း၍ လုပ်စားနေသူနှင့် လေလံအောင်အင်းသမားတို့ အငြင်းပွားနေမှုတွင် နစ်နာသူများက တိုင်ကြားလာခြင်းကို ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်မြင့်(တိုက်ကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တိုက်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပြေစာပေါက်လယ်မြေများကို သိမ်းယူပြီး ငါးကန်များတူးဖော်ခြင်းကိစ္စနှင့်အတူ လယ်မြေများနှင့်ဆက်စပ်လျက်ရှိသော ဂရန်အင်းလယ်မြေများကိုပါ ရေနက်ကွင်း၊ ရေမြုပ်ငါးကန်များတူးဖော်ပြီး ငါးရိုင်းများသွင်း၍ လုပ်စားနေသူများနှင့် လေလံအောင်အင်းသမားတို့ အငြင်းပွားနေမှုများကို နစ်နာသူများက တိုင်ကြားလာတဲ့အတွက် ဒီမေးခွန်းကို မေးခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေလိုက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ပြဿနာနှစ်ခုဟာ ဖြေရှင်းပြီးသားဖြစ်သွားပါလိမ့်မယ်။ တိုက်ကြီးမြို့နယ်ထဲမှာ အထရောင်ကျေးရွာအုပ်စုဆိုတာ လှိုင်မြစ်ရဲ့လက်တက်၊ ပကွန်မြစ်ရဲ့ဘေးမှာ တည်ရှိတဲ့ကျေးရွာဖြစ်ပါတယ်။ ကျေးရွာ

အုပ်စုတစ်ခုလုံးဟာ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကိုပဲ အမှီပြုပြီးတော့ စိုက်ပျိုးလုပ်ကိုင်နေတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point လေးတစ်ခု ခွင့်ပြုပေးပါ။ အဲဒီတော့ ဒီမှာ Power Point မှာ တွေ့ရတဲ့အတိုင်း ပကွန်မြစ်ရဲ့ဘေးမှာ ကျွန်တော်တို့ အထရောင်ကျေးရွာဆိုတာ ရှိပါတယ်။ အဲဒီ ပကွန်မြစ်ရဲ့ကမ်းနဖူးဘေးတွေမှာပဲ မြေအမြင့်ကရှိပြီးတော့ အဲဒီမှာ လယ်မြေတွေအဖြစ် စိုက်ပျိုးနေခဲ့ ရပါတယ်။ ဒီလိုလယ်မြေတွေအဖြစ် ဓားမဦးချစိုက်ပျိုးလုပ်ကိုင်လာပြီးတော့ ပြေစာပေါက်လယ်မြေတွေ ဖြစ်လာပါတယ်။ ဒီလယ်မြေတွေကို ဒီအထရောင်ကျေးရွာက တောင်သူ ၃ဝ ဦးပိုင်ဆိုင်တဲ့လယ်မြေတွေကို ၂ဝဝ၁ ခုနှစ်၊ ၂ဝဝ၂ ခုနှစ်ခန့်လောက်က လုပ်ငန်းရှင်ကြီးတစ်ဦးကနေပြီးတော့ ဧကတစ်ထောင် ငါးကန်တူးဖော်ဖို့ဆိုပြီးတော့ အမိန့်ရရှိတယ်ဆိုပြီး လယ်မြေတွေကို ငါးကန်တွေတူးဖော်လိုက်ပါ တယ်။ တူးဖော်လိုက်တဲ့အခါကျတော့ တောင်သူလယ်သမားတွေဟာ လယ်မလုပ်ရတော့ဘူး။ ငါးရှာ၊ ဖားရှာနဲ့လုပ်တဲ့အခါကျပြန်တော့လည်း တစ်ဖက်က ဂရန်အင်းတွေကနေပြီးတော့ ရှာလို့၊ ဖွေလို့မရ ဘူး။ ဒါကြောင့်ပဲ အဲဒီဒေသကလူတွေဟာ ပြည်ပကိုထွက်ပြီးတော့ အလုပ်လုပ်ကိုင်ပြီးတော့ အလုပ် အကိုင်တွေဆုံးရှုံးသွားတာတွေ ဖြစ်ရပါတယ်။ အဲဒီတော့ ဒီလယ်မြေတွေဟာ ပြေစာပေါက်လယ်မြေ တွေကို ငါးလုပ်ငန်းဦးစီးဌာနကနေပြီးတော့ ဧကတစ်ထောင်ငါးကန်တူးဖော်ဖို့ (လန-၃၉)ကို ချပေး လိုက်တယ်လို့ဆိုတယ်။

ဒါပေမဲ့ အဲဒီနေရာမှာ ပြေစာပေါက်လယ်သမားတွေရဲ့ လယ်မြေတွေနဲ့ တောင်သူ ၃ဝ ရဲ့ ဧကနီးပါး ဧက ၃ဝဝ ခန့် အသိမ်းခံလိုက်ရတယ်။ အဲဒီအသိမ်းခံလိုက်တဲ့ကိစ္စကို အခု လယ်ယာမြေ ပြန်လည်စိစစ်ရေးကော်မတီ ကျွန်တော့်ရဲ့မြို့နယ်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအဖွဲ့တွေကလည်း စစ်ပြီးပြီ။ တကယ်လည်းမှန်ကန်တယ်။ ဒီတောင်သူလယ်သမားတွေ လယ်ယာ မြေတွေဆုံးရှုံးသွားတယ်။ အဲဒီ ဆုံးရှုံးသွားတဲ့လယ်မြေတွေကို လယ်မြေမှန်းမသိကြဘူးလားလို့။ အဲဒီ လယ်မြေတွေပေါ်မှာ ငါးကန်တွေ တူးတယ်။ ငါးကန်တွေတူးလိုက်တဲ့ လယ်မြေတွေရဲ့အဆုံးမှာ ဂရန်အင်းရှိတယ်။ အဲဒီဂရန်အင်းဟာ ငါးကန်တွေတူးလိုက်တဲ့အတွက် ဂရန်အင်းဟာ မည်ကာမတ္တပဲ ရှိတော့တယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာရရှိမယ့် ဒီဂရန်အင်းခွန်တွေ အများကြီးလျော့နည်းသွား တယ်။ အင်းဟာလည်း ဂရန်အင်း နယ်မြေကျဉ်းသွားတယ်။ အဲဒီတော့ ဒီဧကတစ်ထောင်တူးဖို့အတွက် ဒါကို လုပ်လိုက်တဲ့အခါကျတော့ ဒီ အင်းဂရန်ကို ဆွဲတဲ့ပုဂ္ဂိုလ်တွေနဲ့ ခုနငါးကန်တူးတဲ့ပုဂ္ဂိုလ်တွေဟာ

ပြဿနာဖြစ်သွားတယ်။ ဒီဂရန်အင်းတစ်ခုကို ကျွန်တော်တို့ ရေဝင်၊ ရေထွက်ချောင်းတွေ ပိတ်ပြီးတော့ တူးလိုက်တယ်။ ဒီမှာ အဲဒီလိုချောင်းဘေးမှာရှိတဲ့ ဟာတွေကို ငါးကန်တွေတူးလိုက်တဲ့ အခါကျတော့၊ ချောင်းတွေပါပိတ်ပြီးတော့ တူးလိုက်တဲ့အခါကျတော့ ဂရန်အင်းသမားနဲ့ ပြဿနာသွား ဖြစ်ပါတယ်။ အလယ်ခေါင်မှာရှိတဲ့ ဂရန်အင်းကရေတွေကို ငါးကန်တူးတဲ့ပုဂ္ဂိုလ်တွေက ချောင်းတွေပိတ်ပြီး တူးပြီးတော့ အဲဒီကနေ ငါးကန်ထဲကရေထုတ်တာဆိုပြီးတော့ ငါးတွေဖမ်းသွားတယ်။ ဖမ်းသွားတဲ့အခါကျတော့ ဂရန်အင်းသမားဟာ ငုတ်တုတ်ထိုင်ကြည့်နေရတယ်။ သူ့အင်းသမားက သူ့ဂရန်ဆွဲထားတဲ့ သိန်း ၈၀ နဲ့ဂရန်ဆွဲထားတဲ့ အင်းသမားက ဆုံးရှုံးနစ်နာသွားတယ်။ အဲဒီတော့ ရေချိုငါးလုပ်ငန်း ဥပဒေမှာ ကျွန်တော်တို့ ပြဋ္ဌာန်းထားတာက ဂရန်အင်းများအတွင်းမှာ ငါးမွေးကန်တူးဖော်မှုကြောင့် နိုင်ငံပိုင်ဂရန်အင်းများ ပျက်စီးခြင်းမှကာကွယ်ရန် ငါးမွေးကန်များအသစ် တူးဖော်ခြင်း၊ ငါးမွေးကန်အသစ်များလျှောက်ထားခြင်းတို့ကို တားဆီးရမယ်လို့ဆိုတယ်။ အဲဒီတော့ ဒီဥပဒေတွေနဲ့ မကိုက်ညီဘဲနဲ့ ၂၀၁၁ ခုနှစ်၊ ၂၀၁၂ ခုနှစ်ကလုပ်ခဲ့တဲ့ကိစ္စတွေဟာ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ရုံးတွေရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပေါင်းစပ်ရှင်းလင်းဖြေကြားပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး အဓိကမေးမြန်းထားတဲ့ မေးခွန်းပါအချက်တွေကို ဆန်းစစ်ကြည့်လိုက်မယ်ဆိုရင် ဓားမဦးချပြေစာပေါက် လယ်မြေတွေကို သိမ်းယူကျူးကျော် ငါးကန်များ တူးဖော်တဲ့အတွက် မြေသိမ်းဥပဒေနှင့်မညီညွတ်ခြင်း၊ မူလပြေစာပေါက်လယ်သမားတွေကို ပြန်ပေးဖို့ သို့မဟုတ် မြေသိမ်းခံရလို့ နစ်နာသူလယ်သမားတွေကို ကာလဒေသပေါက်ဈေးနှင့် ပေးချေမှုနှင့် တရားဝင်ဂရန်အင်း၊ အဖရောင်အင်းနယ်နိမိတ်ကို ခွင့်ပြုချက်မဲ့ကျူးကျော်ကန် တူးဖော်ခြင်း

ကြောင့် ဂရန်ပိုင်အင်းမြေအဖြစ် ပြန်ထားဖို့အတွက် ချောင်းရိုးတွေကို လွတ်လပ်စွာ အင်းမြေအဖြစ် ထားဖို့၊ ငါးကန်နှင့်မသက်ဆိုင်စေဖို့ ကွင်းဆင်းစစ်ဆေးပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန်ဆိုတဲ့ အချက်တွေကို အခြေခံထား မေးမြန်းထားတာကို စိစစ်သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းပါနေရာဒေသဟာ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ အထရောင်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ရေနက်ကွင်းမြေဧရိယာများဖြစ်တဲ့ ကွင်းအမှတ်(၅၇-ဘီ)၊ မှိန်ပုလဲကွင်းရှိ ဧရိယာ ၇၅ ဧက၊ ကွင်းအမှတ်(၈၁)၊ မှိန်ပုလဲတောင်ကွင်းရှိ ဧရိယာဧက ၃၇၀ နှင့် ကွင်းအမှတ်(၈၂)၊ အထရောင်အနောက်ကွင်းရှိ ဧရိယာ ၅၆၅ ဧက စုစုပေါင်း လယ်မြေနှင့် မြေလွတ်၊ မြေရိုင်းဧရိယာ ၁၀၁၀ ဧကရှိတဲ့ မြေနေရာများဖြစ်ကြပါတယ်။ အဆိုပါမြေတွေ အနက် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဧရိယာ ၆၇၇.၄၃ ဧကကို ၁၉၉၉-၂၀၀၀ ခုနှစ်မှစပြီး ဒေါ်ကြည်ကြည်ဝင်း ဆိုတဲ့ ပုဂ္ဂလိကငါးမွေးမြူရေးကန်တည်ဆောက်လိုတဲ့သူကို ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကနေပြီးတော့မှ ၁၉၅၃ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးဥပဒေရဲ့ ပုဒ်မ ၃၉ အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့ကြောင်း စိစစ်သိရှိရပါတယ်။

ကျန်ရှိတဲ့လယ်မြေ ၃၃၂.၅၇ ဧကကို ၂၀၁၇ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိဖို့ ဒေါ်ကြည်ကြည်ဝင်းမှ ထပ်မံလျှောက်ထားခဲ့တဲ့အခါမှာ ယင်း လျှောက်ထားမြေဧရိယာအနက်ကနေ ၂၆၄.၀၇ ဧကကို ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီး တော့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း တွေ့ရပါတယ်။ ကျန်တဲ့ ၆၈.၅ ဧကကတော့ လက်ရှိအခြေအနေမှာ တောင်သူများမှ စိုက်ပျိုးအသုံးပြုလျက်ရှိပြီး မြေယာ အငြင်းပွားမှုများရှိနေတဲ့ အခြေအနေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလယ်မြေပုံစံရပြီး လယ်မြေဧရိယာ ၂၆၄ ဧကကို ဒေါ်ကြည်ကြည်ဝင်းအနေနဲ့ ၁၅-၃-၂၀၁၆ ရက်နေ့မှာ ငါးမွေးကန်အဖြစ် လယ်ယာမြေအခြားနည်း အသုံးပြုခွင့်ရရှိရေးလျှောက်ထားခဲ့တာကို တွေ့ရပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေ စိစစ်ပြီး ခွင့်ပြုမိန့်ပေးထားခြင်းမရှိသေးတဲ့ အခြေအနေမှာ အဲဒီမြေတွေပေါ်မှာ ငါးကန်တွေ ကျူးကျော် ဆောင်ရွက်ထားဆိုတာကိုလည်းပဲ စိစစ်သိရှိရပါတယ်။ ဒေါ်ကြည်ကြည်ဝင်းအနေနဲ့ ငါးကန်အသုံးပြု လုပ်ကိုင်နေတဲ့ဧရိယာအတွင်းမှာ အင်းအစိတ်အပိုင်းအချို့ ပါဝင်ခဲ့တဲ့အတွက် လေလံဆွဲဝယ်ယူ လုပ်ကိုင်မည့်သူ မရှိခဲ့ရကြောင်းလည်းပဲ သိရှိရပါတယ်။ ဒေါ်ကြည်ကြည်ဝင်းမှ သတ်မှတ်အင်း

ဝင်ငွေခွန်နှင့် ငါးမွေးကန်ဆက်စပ်အင်းအဖြစ်လုပ်ကိုင်ခွင့်ရဖို့ လျှောက်ထားတဲ့အခါမှာ ၂၀၀၃ ခုနှစ်၊ ၂၀၀၄ ခုနှစ်ကစပြီး အဲဒီအချိန်ကာလက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီး ဌာန ခွင့်ပြုမိန့်နှင့် ငါးလုပ်ငန်းဦးစီးဌာနကနေ လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်းနှင့် ၁၉-၇-၂၀၁၇ ရက်နေ့မှာ အင်းသားကြီးနှင့် ငါးမွေးကန်သမားတွေ အချင်းမပွားစေဖို့ အဖရောက်အင်းရောင်းချရာမှာ အင်းဂရန်အတွင်း ထည့်သွင်းရောင်းချမည့် ချောင်းရိုး၊ အိုင်ရိုး၊ အင်းလက်တက်များနှင့်ပတ်သက်ပြီး အဖရောက်အင်းရဲ့ဧရိယာကို ကန်အပြင်ဘက်မှာရှိတဲ့ ကွဲဖြူချောင်းနှင့် ကန်အတွင်းမှာရှိတဲ့ ကျူအိုင်ရိုး၊ အင်းယားရှည်းရက်တို့ကို အဖရောက်အင်းဧရိယာသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကနေ ပြီးတော့ ချမှတ်တဲ့ ခွင့်ပြုမိန့်နှင့် ဆောင်ရွက်သင့်ကြောင်း စိစစ်သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိ ဒေါ်ကြည်ကြည်ဝင်းကနေ ငါးကန်တွေအသုံးပြုလျက်ရှိတဲ့ မြေများနှင့် ပတ်သက်ပြီး တောင်သူဦးဆန်းလွင်မှ ၃ ဦးအနေနှင့်လည်းကောင်း၊ ဦးသိန်းစိန်မှ ၂ ဦး အနေဖြင့်လည်းကောင်း၊ ဦးခင်မောင်ကြည်မှ ၁၉ ဦးအနေဖြင့်လည်းကောင်း သိမ်းဆည်းခံမြေနှင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီကို အသိအမှတ် ပြုပြီး တိုင်ကြားခဲ့ကြောင်း သိရပါတယ်။ အဆိုပါ တိုင်ကြားစာနှင့်ပတ်သက်ပြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်က စီစစ်ဆောင်ရွက်လျက် ရှိတဲ့အခါမှာ ဦးသိန်းစိန်ပါ ၂ ဦး၊ ဦးခင်မောင်ကြည်ပါ ၁၉ ဦးတို့ရဲ့ တင်ပြတိုင်ကြားစာများနှင့်ပတ်သက် ပြီး လယ်ယာမြေနဲ့အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီကနေ စိစစ် ဆောင်ရွက်ဆဲဖြစ်တဲ့ ၎င်းကော်မတီရဲ့ဆုံးဖြတ်ချက်ကို စောင့်ရမယ့်အခြေအနေဖြစ်ကြောင်း တင်ပြအပ် ပါတယ်။ ဦးဆန်းလွင်ပါ ၃ ဦးနှင့်ပတ်သက်ပြီး တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီရဲ့ ၂၀-၁၁-၂၀၁၈ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ သိမ်းဆည်းမြေနှင့်သက်ဆိုင်ခြင်းမရှိတဲ့အတွက် အမှု ပိတ်သိမ်းဖို့ မြေယာကိစ္စတွေကို မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်စိစစ်ဆောင်ရွက်ပြီး ပြန်လည် ဆုံးဖြတ်ထားကြောင်း သိရပါတယ်။ သို့ဖြစ်တဲ့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးကနေ စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေါ်ကြည်ကြည်ဝင်းအနေနဲ့ ငါးကန်တူးဖော်အသုံးပြုထားတဲ့ မြေဧရိယာများအတွင်းမှာ အဖရောက်ရိုး၊ ကွဲဖြူချောင်းရိုးနှင့် ငှက်ကောက်ရိုးချောင်း ၃ ခုပါဝင်နေပါ

ကြောင်း သိရပါတယ်။ ဒေါ်ကြည်ကြည်ဝင်းမှ ခွင့်ပြုမိန့်ရရှိပြီးသော ဧရိယာအတွင်းမှာ အဖရောက်အင်း နယ်နိမိတ် ၉၅ ရာခိုင်နှုန်းပါသွားတဲ့အတွက် အင်းဧရိယာများ လျော့နည်းသွားရခြင်း ဖြစ်ပါကြောင်း သိရပါတယ်။ ကျန်ခဲ့တဲ့ အင်းဧရိယာတွေကို ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး တိုင်းဒေသကြီးရေချိုငါးလုပ်ငန်းဥပဒေအရနဲ့ အင်းမြေပုံပြန်လည်ဖော်ထုတ်သွားရမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာပါတဲ့ မေးခွန်းပါ မြေနေရာ များနှင့်ပတ်သက်ပြီး တောင်သူ ၂၂ ဦးက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်သို့ အသီးသီးတင်ပြတိုင်ကြားခဲ့ရာမှာ တောင်သူ ၁၉ ဦးရဲ့ တင်ပြစာနှင့်ပတ်သက်ပြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီအဆင့်ဆင့်မှ စိစစ်ဆောင်ရွက်ဆဲရှိကြောင်းပါနဲ့ တောင်သူ ၃ ဦးရဲ့ တင်ပြစာနှင့်ပတ်သက်ပြီး တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီရဲ့ ဆုံးဖြတ်ချက်အရ သိမ်းဆည်းမြေမဟုတ်ဘဲ မြေယာအငြင်းပွားမှုကိစ္စဖြစ်တဲ့အတွက် အမှုတွဲပိတ်သိမ်း ထားရှိကြောင်း သိရှိဖြေကြားအပ်ပါတယ်။ အင်းဧရိယာများလျော့နည်းသွားခြင်းနှင့်စပ်လျဉ်းပြီး ကျန်ရှိတဲ့ အင်းဧရိယာတွေကို ကွင်းဆင်းစစ်ဆေးတိုင်းတာပြီး တိုင်းဒေသကြီးရေချို ငါးလုပ်ငန်းဥပဒေ နှင့်အညီ စီမံဆောင်ရွက်သွားရန်ဖြစ်တဲ့အလျောက် အင်းနယ်နိမိတ်မြေပုံ ပြန်လည်ဖော်ထုတ် သတ်မှတ် ပေးသွားရန် အစီအစဉ်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကနီမြို့နယ်၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်မည့်နေရာ လမ်းကြောင်းများသတ်မှတ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ စိုက်ပျိုးရေရရှိရေးနှင့် ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကနီမြို့နယ်

မှာ တရားဝင်စာရင်းများအရ လယ်ယာမြေဧကစုစုပေါင်း ၁၇၅၀၀၀ ကျော်ရှိပါတယ်။ အပူပိုင်းမိုးနည်းဒေသလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေရရှိမှုကတော့ မိုးရေပေါ်မှာပဲအားထားနေရတာဖြစ်ပါတယ်။ လယ်ပဲဖြစ်ဖြစ်၊ ယာပဲဖြစ်ဖြစ်မိုးရေကိုသာမှီခိုနေရတာ နှစ်စဉ်ပျက်စီးဆုံးရှုံးမှုများစွာရှိပါတယ်။ ယခုမိုးရာသီမှာတောင် တချို့ဒေသတွေမှာ မိုးများပြီး ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပေမဲ့ ကျွန်တော်တို့ကနီတောင်သူအများစုကတော့ မိုးခေါင်လို့ မျိုးတောင်ပြန်မရနိုင်မယ့်အခြေအနေတွေ ဖြစ်ပေါ်နေပါတယ်။

ကနီမြို့နယ်ဟာ ပထဝီအနေအထားအရတော့ ချင်းတွင်းမြစ်ဟာ မြောက်မှတောင်သို့ ၅၇ မိုင်ခန့် ဖြတ်သန်းစီးဆင်းလျက်ရှိနေပြီး မြစ်ရေတင်လုပ်ငန်းများနဲ့စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးမယ်ဆိုပါက စိုက်ပျိုးရေရရှိရေးအတွက် အခွင့်အလမ်းနဲ့ အလားအလာကောင်းများစွာရှိနေပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာကြယ်ပွင့်မပြမေးခွန်းမေးမြန်းခဲ့တဲ့အတွက် သက်ဆိုင်ရာဌာန၊ ပုဂ္ဂိုလ်များမှ ကိုယ်စားလှယ်နှင့်ဆွေးနွေးပြီး ဝါးရာ၊ နတ်ကြီး၊ ချိုင်တင်ပေါက်၊ နွားလပို့ စတဲ့နေရာများမှာ ကွင်းဆင်းလေ့လာမှုများပြုလုပ်ပြီး ဒေသခံအချို့နှင့်လည်း ဆွေးနွေးမှုများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မြစ်ရေတင်ကိစ္စနှင့်ပတ်သက်ပြီးတော့ ဝန်ကြီးချုပ်ထံကို ကျွန်တော့်အနေနဲ့ထပ်မံပြီးတော့ တင်ပြမေးမြန်းခဲ့မှုအပေါ် ပြန်လည်ပြီးဖြေကြားရာမှာလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထားတင်ပြခဲ့ပေမဲ့ ရရှိခဲ့ခြင်းမရှိလို့မို့ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးတာပါလို့ ပြန်ကြားခဲ့ပါတယ်။ နောက်တစ်ခုက သက်ဆိုင်ရာဌာနက ကွင်းဆင်းလေ့လာထားတဲ့နေရာများအနက် နတ်ကြီးဘက်ကို ပထမဦးဆုံးဆောင်ရွက်နိုင်ဖို့လျာထားကြောင်းကိုလည်း သိရပါတယ်။ ရွာသာ၊ နတ်ကြီး တစ်ဝိုက်ကပဲ မြစ်ရေတင်ဆောင်ရွက်ရင်တော့ အကျိုးပြုဧရိယာက နည်းမှာဖြစ်ပါတယ်။ ဝါးရာအထက်နားတစ်ဝိုက်ကနေ မြစ်ရေတင်ကိုဆောင်ရွက်ပေးမယ်ဆိုရင်တော့ ပထဝီအနေအထားကိုက နတ်ကြီးဘက်ထိ စိုက်ပျိုးရောက်ရှိမှာဖြစ်သလို အကျိုးပြုဧရိယာလည်း များစွာဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် မြစ်ရေတင်ကိစ္စအားဆောင်ရွက်မယ်ဆိုပါက အကျိုးပြုဧရိယာများနိုင်သောနေရာကနေ ဆောင်ရွက်ပေးဖို့ အကြံပြုလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေဖူလုံစွာရရှိရေးဟာ အလွန်မှ အရေးကြီးပါတယ်။ အခုခေတ်မှာလယ်ပဲဖြစ်ဖြစ်၊ ယာပဲဖြစ်ဖြစ် မိုးကိုမျှော်ပြီးလုပ်ကိုင်နေရလျှင် ဆုံးရှုံးနိုင်ခြေအင်မတန်မှ များပါတယ်။

ဒါကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ စိုက်ပျိုးရေရရှိရေးအတွက် ကျွန်တော်တို့အနေနဲ့ အတတ်နိုင်ဆုံးကြိုးစားပေးရမှာဖြစ်သလို စိုက်ပျိုးရေရရှိရေးအတွက် မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ပေးခြင်းဟာ လယ်ယာမြေများအတွက် မြေဆီ၊ မြေလွှာကောင်းများဖြစ်ပေါ်လာမှာဖြစ်တဲ့အတွက် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကနီမြို့နယ်၏လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်မည့်နေရာ၊ လမ်းကြောင်းများသတ်မှတ်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်ပင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် လျှပ်စစ်ရေတင်စီမံကိန်းအသစ်တစ်ခု ဆောင်ရွက်မယ်ဆိုရင် ရေအရင်းအမြစ်သေချာမှုရှိ/မရှိ၊ တောင်သူတွေလိုလားချက်ရှိ/မရှိ၊ ရေတင်စက်များ မောင်းနှင်နိုင်ရေးနှင့် လိုအပ်တဲ့လျှပ်စစ်ဓာတ်အားရရှိနိုင်မှုရှိ/မရှိ၊ ရေသောက်ဧရိယာရဲ့ မြေသဘာဝနှင့် အနေအထား၊ မြစ်ရေတင်စီမံကိန်းမှအသုံးပြုမယ့်မြေလိုအပ်ချက်ကို သက်ဆိုင်ရာတောင်သူတွေက ခွင့်ပြုသဘောတူမှုရှိ/မရှိ အစရှိတဲ့ အကြိုစီမံကိန်းဖြစ်မြောက်နိုင်စွမ်းအခြေအနေများကို ကွင်းဆင်း လေ့လာမှု(Pre Feasibility Study)ကို စနစ်တကျဆောင်ရွက်ရပါတယ်။ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ရှိမယ်ဆိုလို့ရှိရင် Topographic Survey နဲ့ Detailed Design ကွင်းဆင်းတိုင်းတာပြီး အင်ဂျင်နီယာ စံချိန်စံညွှန်းများနှင့်အညီ ဒီဇိုင်းပုံထုတ်ခြင်းနှင့် ကုန်ကျစရိတ်ခန့်မှန်းခြေစာရင်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်အစီအမံများကို အဆင့်ဆင့်လုပ်ကိုင်သွားရမှာ ဖြစ်ပါတယ်။

ကနီမြို့နယ်ရဲ့ စိုက်ပျိုးရေးကဏ္ဍမှာ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် အကြိုစီမံကိန်းဖြစ်မြောက်နိုင်စွမ်းအခြေအနေ ကွင်းဆင်းလေ့လာမှု ဆောင်ရွက်တဲ့အခါမှာ ယင်းမာပင်

ခရိုင်၊ ကနီမြို့နယ်အတွင်း မြစ်ရေတင်လုပ်ငန်းဆောင်ရွက်နိုင်မယ့် နေရာတွေအနက်ကနေ နတ်ကြီးကျေးရွာအုပ်စု၊ ဝက်ချောင်းကြီးကျေးရွာကနေ ခန့်မှန်းခြေဧက ၅၀၀ ခန့်ကို မြစ်ရေတင်နဲ့ စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း ကွင်းဆင်းလေ့လာသိရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်နိုင်ဖို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံထားပါတယ်။ ရန်ပုံငွေခွင့်ပြုရရှိမှုနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်းအနေနဲ့ မေးမြန်းပါရစေ။ ကျွန်တော်မေးမြန်းတဲ့မေးခွန်းထဲမှာလည်း ထည့်သွင်းတင်ပြထားပြီး ဖြစ်ပါတယ်။ ကျွန်တော် ခုနက တင်ပြထားသလိုပဲ လျာထားဆောင်ရွက်ပေးမယ့် နတ်ကြီးကျေးရွာကနေပြီးတော့ မြစ်ရေတင်လုပ်ငန်းကို လျာထားဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက် အင်မတန်မှဝမ်းသာပါတယ်။ သို့သော်လည်း ခုနက ကျွန်တော်တင်ပြခဲ့သလိုပဲ နတ်ကြီးနားတစ်ဝိုက်ကနေ မြစ်ရေတင်ဆောင်ရွက်မယ်ဆိုရင် အကျိုးပြုဧရိယာနည်းပါတယ်။ အဲဒီမှာ လေးနေရာလောက်၊ ငါးနေရာလောက် ကွင်းဆင်းတဲ့အနေအထားမှာ နတ်ကြီးနဲ့တစ်ဖက်တည်းမှာပဲရှိတဲ့ ဝါးရာနဲ့ ဝါးရာအထက်နားတစ်ဝိုက်ဘက်ကနေ မြစ်ရေတင်လုပ်ငန်းကို ဆောင်ရွက်ပေးမယ်ဆိုရင် ခုနကပြောတဲ့ လျှပ်စစ်နဲ့ပတ်သက်တဲ့ကိစ္စတွေလည်း 11 Line တွေရောက်ပြီးသားဖြစ်ပါတယ်။ မြေနေရာအနေအထားအရရော၊ ပထဝီအနေအထားအရရော ဝါးရာ-တပေါင်းမှာရှိတဲ့၊ လယ်တွေမှာရှိတဲ့ သဘာဝရေစီးဆင်းနေမှုအရကိုက နတ်ကြီးဘက်ကို ရောက်ပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့က တပေါင်းပုလ္လင်လောက်ပဲ မြစ်ရေတင်လုပ်လိုက်ရင်ကိုပဲ တော်တော်လှမ်းလှမ်းမှာရှိတဲ့ နတ်ကြီးဘက်ထိ သဘာဝရေစီးကြောင်းတွေက ရောက်နိုင်ပါတယ်။ ရောက်လည်းရောက်နေပါတယ်။ စီးနေတဲ့ရေစီးကြောင်းတွေလည်း၊ သဘာဝရေစီးကြောင်းတွေလည်း ရှိပါတယ်။ ချောင်းအနေနဲ့မဟုတ်ဘဲနဲ့ မြေပြင်အလိုက် စီးသွားတဲ့အနေအထားရှိပါတယ်။ အဲဒီတော့ ကျွန်တော်တင်ပြလိုတာက ခုနက ကျွန်တော်တင်ပြခဲ့သလိုပဲ မြစ်ရေတင်လုပ်ငန်းဆောင်ရွက်မယ်ဆိုရင် အကျိုးပြုဧရိယာများလေ ပိုကောင်းလေဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ခုနက တင်ပြခဲ့သလို

ဒီကိစ္စလျှာထားမှုမှာ အထက်နားကနေ အကျိုးပြုဧရိယာများမယ့်ဘက်ကနေ ပြောင်းလဲလျှာထား ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ ဆက်စပ်မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့ဆက်စပ်မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပါ့မယ်။ မိမိဖြေကြားချက်ထဲမှာပါသလို လုပ်ငန်းစီမံကိန်းတစ်ခု အကောင်အထည်ဖော်မယ်ဆိုရင် ယင်းနှင့်စပ်လျဉ်းတဲ့အခြေခံအကြောင်းတရားတွေ အားလုံးဆန်းစစ်ရတာဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို မိမိတို့မူလ F.S ဆင်းထားတဲ့ဧရိယာထက် အကျိုးခံစားရမယ့် ဧရိယာကို ညွှန်းဆိုသွားတဲ့အလျောက် အဲဒီညွှန်းဆိုသွားတဲ့နေရာကိုလည်းပဲ ပြန်လည်စိစစ်ရမယ့် အနေအထားမျိုး လွှတ်တော်ကိုယ်စားလှယ်ကြီးက ဆက်စပ်မေးခွန်းမှာ ထည့်သွင်းမေးမြန်းထားတယ်လို့လည်းခံယူပါတယ်။ ဒီနေရာမှာ အဓိက လက်ရှိလုပ်ငန်းစီမံကိန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ဒေသခံတောင်သူတွေရဲ့သဘောဆန္ဒများစွာအရေးပါပါတယ်။ တောင်သူတွေကနေပြီးတော့ မြေပေးအပ်စွန့်လွှတ်မှုအနေအထား။ ယင်းပေါ်မှာ နိုင်ငံတော်ကနေပြီးမှ ဒီမြေအတွက် လျော်ကြေးပေးရတဲ့အနေအထားကိုလည်း တစ်ဖက်က ပြန်လည်ထည့်သွင်းစဉ်းစားရမယ့်အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ဒေသခံတောင်သူတွေရဲ့သဘောဆန္ဒကိုမူတည်ပြီးတော့ ဒီကိစ္စမှာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မယ်ဆိုရင် ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ညွှန်းဆိုတဲ့နေရာ ပြန်လည်ဆန်းစစ်ပေးဖို့အတွက်ကို မိမိတို့အနေနဲ့ဆောင်ရွက်ပေးပါ့မယ်။ ဆောင်ရွက်ရရှိတဲ့အခြေအနေကိုလည်းပဲ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို အတည်ပြုပြန်ကြားမည်ဖြစ်ကြောင်း ဆက်စပ်မေးခွန်းကို ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ပြုလုပ်ရာတွင် ပုဂ္ဂိုလ်/အဖွဲ့အစည်းအမည် ပြောင်းလဲရန် ခက်ခဲနေခြင်းကိစ္စအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းလွင်(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်

မေးမယ့်မေးခွန်းကတော့ လယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) အမည်ပြောင်းလဲရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့က စတင်ပြဋ္ဌာန်းခဲ့ပါတယ်။ ယင်းဥပဒေပုဒ်မ အခန်း(၃) လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများရဲ့အခွင့်အရေး ပုဒ်မ ၉ ပုဒ်မခွဲ(ခ)မှာ လယ်ယာမြေအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသောစည်းကမ်းများနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်ပြုထားပါတယ်။ ထို့အပြင် အခန်း(၄) လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူ လိုက်နာရမယ့်စည်းကမ်းများ ပုဒ်မ ၁၂ ပုဒ်မခွဲ(ဂ)မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်တဲ့အခါမှာ ဦးစီးဌာနကသတ်မှတ်ထားတဲ့ တံဆိပ်ခေါင်းခွန်နဲ့ စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်ရန် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမယ်လို့လည်း ပြဋ္ဌာန်းထားပါတယ်။

လက်တွေ့မှာ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ အမွေဆက်ခံခြင်းများကြောင့် ရရှိလာတဲ့လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)အား လက်ဝယ်ရရှိသူသည် စာချုပ်စာတမ်းများမှတ်ပုံတင်အရ၊ မှတ်ပုံတင်ဥပဒေအရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးမှာ တရားဝင်မှတ်ပုံတင်ရမှာဖြစ်ပါတယ်။ သို့မှသာ အမည်ပြောင်းလဲပြီးတော့ အခြားနည်းသုံးစွဲခြင်းတို့ကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့သော် တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ရန် ဆောင်ရွက်တဲ့အခါမှာ ရောင်းချခြင်း၊ ပေးကမ်းခြင်းကြောင့် လယ်ယာမြေအား ကျသင့်တံဆိပ်ခေါင်းခွန်နဲ့ ကျသင့်ဝင်ငွေခွန်ပေးဆောင်ရန် ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့မှ လယ်ယာမြေအား တန်ဖိုးသတ်မှတ်ရန်လိုအပ်ပါတယ်။ ယခုအခါ ယင်းအဖွဲ့အစည်းမှ ဒေသအလိုက်လယ်ယာမြေများအား ကာလတန်ဖိုးသတ်မှတ်ထားခြင်းမရှိသည့်အတွက် စာချုပ်စာတမ်းမှတ်ပုံတင်ရန် ခက်ခဲသလို (ပုံစံ-၇)အမည်ပြောင်းလဲရန် ဆောင်ရွက်၍မရဘဲ သာမန်အရပ်စာချုပ်ဖြင့်သာ ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်း၊ အမွေဆက်ခံခြင်းများပြုလုပ်နေရသဖြင့် လယ်ယာမြေဥပဒေအရ ပေးထားတဲ့အခွင့်အရေးများ မရရှိဘဲဖြစ်နေပါတယ်။ အထူးသဖြင့် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ပြုသည့်အခါ အရပ်စာချုပ်ဖြင့်သာ တင်ပြလျှောက်ထားနေရသဖြင့် ဥပဒေနဲ့ညီညွတ်ခြင်းမရှိတဲ့အပြင် နောင်မှာလည်း (ပုံစံ-၇) မူရင်းပါအမည်နဲ့ လက်ဝယ်အသုံးပြုသူအမည်ကို ပိုင်ဆိုင်မှု၊ အငြင်းပွားမှုများ ဖြစ်လာနိုင်စရာ

ရှိသည့်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)အား အမည်ပြောင်းလဲရန် ခက်ခဲနေခြင်းကိစ္စအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုသည့်အတွက် ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်ရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)နဲ့စပ်လျဉ်းပြီး သိရှိလိုတဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဆက်လက်ရှင်းလင်းဖြေကြားပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၂(ဂ)မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူဟာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့ကိုဆောင်ရွက်တဲ့အခါ ဦးစီးဌာနကသတ်မှတ်ထားတဲ့ တံဆိပ်ခေါင်းခွန်နှင့်စာချုပ်စာတမ်းမှတ်ပုံတင်ခကို ပေးဆောင်ပြီးတော့ သက်ဆိုင်ရာမြို့နယ်ဦးစီးရုံးမှာ မှတ်ပုံတင်ရမယ်လို့ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ လယ်ယာမြေလွှဲပြောင်းပေးသူနှင့် လွှဲပြောင်းလက်ခံသူတို့ဟာ လယ်ယာမြေတည်ရှိတဲ့ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုရှေ့မှောက်မှာ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ပြီး စာချုပ်ချုပ်ဆိုရမယ်လို့လည်းပဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေ ၂၄ ကနေ ၂၈ ထိပြဋ္ဌာန်းထားရှိပါတယ်။

အထက်ဖော်ပြပါကိစ္စနှင့်ပတ်သက်ပြီး ယခင်အစိုးရကာလ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့ နိုင်ငံတော်သမ္မတရုံးကိုလည်းပဲ တင်ပြခဲ့မှုရှိပါတယ်။ နိုင်ငံတော်သမ္မတရုံးကနေ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးစီးအောင်ဆောင်ရွက်ရန်မှတ်ပုံတင်ခြင်းလုပ်ငန်းများပြီးစီးမှ လယ်ယာမြေပေါင်နှံခွင့်ပြုခြင်းနှင့် မြေခွန်စည်းကြပ်ခြင်းတို့ကိုဆောင်ရွက်ရန်ဆိုပြီး ညွှန်ကြားမှုပြုခဲ့ပြီးဖြစ်ပါတယ်။ ယခုအခါမှာ (ပုံစံ/၇)ထုတ်ပေးမှုဟာ ၉၂ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး ကျန်ရှိတဲ့အများစုကတော့ အခြေအနေအရ နယ်မြေဒေသမငြိမ်းချမ်းမှုနဲ့

မြေယာအငြင်းပွားမှုပြဿနာတွေကြောင့် လယ်ယာမြေတွေမှာ ၉၂ ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်တဲ့ အနေအထားမျိုး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း လယ်ယာမြေတွေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းဆောင်ရွက်နိုင်ဖို့အတွက် ယခုအစိုးရကာလ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့မှာပြုလုပ်တဲ့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးရဲ့ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာကတည်းက ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး စတင်ထည့်သွင်းဆွေးနွေး ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) တွေကို ရောင်းခြင်း၊ ဝယ်ခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ငှားရမ်းခြင်းနှင့် ပေးကမ်းခြင်း ဆိုင်ရာကိစ္စအတွက် ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်ခုနစ်ဦးတို့က လည်းပဲ မေးခွန်းမေးမြန်းခဲ့တဲ့အတွက် သက်ဆိုင်ရာလွှတ်တော်အသီးသီးမှာလည်း ပြန်လည်ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်ပြီး ပြင်ဆင်သင့်တဲ့ အချက်အလက်တွေကို လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ဥပဒေမူကြမ်းကို ဥပဒေပညာရှင်တွေ၊ ဌာနမှာရှိတဲ့ ကျွမ်းကျင်ဝန်ထမ်းတွေနဲ့ ညှိနှိုင်းအစည်းအဝေးရေးဆွဲခဲ့ပါတယ်။ အဆိုပါ ပြင်ဆင်ခဲ့တဲ့ ဥပဒေမူကြမ်းကိုတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ နိုင်ငံတော်သမ္မတရုံးနဲ့ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြခဲ့ပြီးတော့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ရုံးကို ဆက်လက်ပေးပို့တင်ပြထားခဲ့ပြီး ဖြစ်ပါတယ်။

ဒီနေရာမှာ အခါအခွင့်နဲ့ အလျဉ်းသင့်လို့ ပြည်သူ့လွှတ်တော်ကို ပန်ကြားလိုတာကတော့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှာ အဆိုပါကိစ္စနဲ့ပတ်သက်ကာ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုဆက်လက်ပြီး ပြည်သူ့လွှတ်တော်မှာလည်းပဲ ဥပဒေကြမ်းကော်မတီက လက်ခံဆွေးနွေးမှုနဲ့ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ဖို့အတွက် ပန်ကြားလိုပါတယ်။ လယ်ယာမြေဥပဒေကို ပြင်ဆင်တဲ့ဥပဒေမပြဋ္ဌာန်းမီကာလအတွင်းမှာတော့ တောင်သူလယ်သမားများ လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ဖို့ကို တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်း လုပ်ဆောင်ပေးနိုင်ဖို့အတွက် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှာကျင်းပတဲ့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ အစည်းအဝေးနဲ့ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာကျင်းပတဲ့

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအစည်းအဝေးများမှာ ထပ်မံဆွေးနွေးပြီးတော့မှ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေဥပဒေပုဒ်မ ၁၈ အရ လယ်ယာမြေတန်ဖိုးသတ်မှတ်ဖို့အတွက် သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေကို ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ နည်းဥပဒေ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈ တို့အရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း တို့နဲ့ပတ်သက်ပြီး လိုက်နာဆောင်ရွက်ရန်လုပ်ငန်းစဉ်နှင့် လုပ်ပိုင်ခွင့်ရရှိသူအမည်ပြောင်းလဲခြင်း ဆိုင်ရာ လုပ်ငန်းဆိုင်ရာညွှန်ကြားချက်တွေကို ထုတ်ပြန်ခဲ့ပြီးတော့မှ ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ကစပြီး ဆောင်ရွက်ပေးဖို့ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ညွှန်ကြားထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အမွေဆက်ခံခြင်းနှင့်ပတ်သက်ပြီး တည်ဆဲဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၂၀၁၇ ခုနှစ်၊ မေလ ၂၄ ရက်နေ့ရက်စွဲပါ ညွှန်ကြားချက်(၁/၂၀၁၇)ကို ညွှန်ကြားထားပြီးဖြစ်တဲ့အလျှောက် လက်ရှိအခြေအနေမှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့် ကနေပြီးတော့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)ကို ပြောင်းလဲပြင်ဆင်ထုတ်ပေးလျက် ရှိပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဗဟို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၂၀၁၇ ခုနှစ်၊ မေလ ၂၄ ရက်နေ့ ရက်စွဲပါစာအမှတ် (၁၂/လယ-၂ (၁၃၇/၂၀၁၇) ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)နဲ့ ညွှန်ကြားထားတဲ့အတိုင်း လက်ရှိမှာ လယ်ယာမြေ စီမံခန့်ခွဲမှုအဆင့်ဆင့်မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံတွေကို ပြောင်းလဲပြင်ဆင်ထုတ်ပေး လျက်ရှိပါကြောင်းနဲ့ ရောင်းခြင်း၊ ပေါင်နှံခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့ကို လယ်ယာမြေဥပဒေ ကိုပြင်ဆင်သည့်ဥပဒေ မပြဋ္ဌာန်းနိုင်သေးမီကာလအတွင်း အဆင်ပြေစွာ ဆောင်ရွက်သွားနိုင်ဖို့အတွက် တည်ဆဲ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနဲ့အညီ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ကစပြီး ဆောင်ရွက် သွားနိုင်ဖို့အတွက်ကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကနေပြီးတော့ သက်ဆိုင်ရာနေပြည်တော် ကောင်စီနဲ့ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ကို ညွှန်ကြားထားပြီး ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

မူကြမ်း

**စိုက်ပျိုးရေး ထုတ်ကုန်အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ်မပျက်စီးရေး အတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲတတ်အောင် လေ့ကျင့်သင်ကြား ပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ် တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးမြင့်သိန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေးထုတ်ကုန် အစားအစာများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းကို စိစစ်ကြပ်မတ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

ယခုအဆိုကို တင်သွင်းရခြင်းဟာ ကျွန်တော်တို့နေ့စဉ်စားသုံးနေတဲ့ ဟင်းသီးဟင်းရွက်၊ အသီးအနှံအားလုံးဟာ ဓာတုဆေးများနှင့်မကင်းကြပါဘူး။ စနစ်တကျအသုံးပြုထားခြင်းမရှိတဲ့အတွက် စားသုံးရန်မသင့်လျော်ကြောင်း၊ ယုံကြည်စိတ်ချရမှုမရှိကြောင်း လူအများစုက သိရှိနေသော်လည်း ရွေးချယ်စရာမရှိ၍ ရရာကိုဝယ်ယူစားသုံးနေကြရလို့ ရောဂါမျိုးစုံဖြစ်ပွားခြင်း၊ အစာအဆိပ်သင့်ခြင်း စသောမလိုလားအပ်တဲ့ ဆိုးကျိုးတွေကို ခံစားနေကြရပါတယ်။ ဟင်းသီးဟင်းရွက်၊ အသီးအနှံတွေဟာ ဓာတုဓာတ်ကြွင်းတွေများလာနေသလို သဘာဝပတ်ဝန်းကျင်အရင်းအမြစ်တွေအပေါ်မှာလည်းပဲ ပိုမိုထိခိုက်လာနေပါတယ်။ ယခုလိုအခြေအနေဆိုးတွေကို ကျော်လွှားနိုင်ဖို့အတွက် ဓာတုပိုးသတ်ဆေး သုံးစွဲမှုကန့်သတ်ရေး၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကာကွယ်ရေးတွေကို လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပြီး အလေးအနက်ထားဆောင်ရွက်စေရန် တင်ပြရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ပြည်သူအများစုနေ့စဉ်စားသုံးနေတဲ့ ဟင်းသီးဟင်းရွက်၊ အသီးအနှံတွေဟာ ဓာတုဓာတ်ကြွင်းတွေမကင်းခြင်း၊ ရင့်မှည့်ချိန်မတိုင်ခင်မှာ ဓာတုဆေးတွေတို့ပြီးတော့ ပြုပြင်ထားတဲ့ သစ်သီးဝလံများ၊ ဆိုးဆေးသုံး မျှစ်၊ လက်ဖက်နှင့်အသီးအရွက်များ၊ ရေသန့်ဘူးခွံတွေကိုထည့်ပြီးတော့ ကြော်လှော်ထားတဲ့ အကြော်စုံများ၊ ယမ်းစိမ်းအသုံးပြုထားတဲ့ တာရှည်ခံအသားငါးတွေနှင့် ဆာလဖျူရစ်အက်ဆစ်အချဉ်နှင့်ပြုလုပ်ထားတဲ့ ငရုပ်ဆီ၊ ဓာတုဆိုးဆေး၊ ဓာတုဆေးသုံးအချိုရည်မျိုးစုံ၊ လက်ဖက်ခြောက်များ၊ ကော်ဖီမစ်များ၊ နို့ဆီများ၊ စားအုန်းဆီမျိုးစုံနှင့် ပြန်ကြော်ဆီသုံးအကြော်အလှော်နှင့် အစားအစာများကို မလွှဲသာမရှောင်သာ ကျွန်တော်တို့နေ့စဉ်စားသုံးနေကြရပါတယ်။

ပြည်သူအများစုဟာ မသိ၍သော်လည်းကောင်း၊ သိသော်လည်းပဲ ဝင်ငွေနည်းပါးသဖြင့် လုံခြုံစိတ်ချရသောအစားအသောက်များအား ဝယ်ယူအသုံးမပြုနိုင်ကြလို့ မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို ဝယ်ယူစားသုံးနေကြရပြီး အကျိုးဆက်အားဖြင့် ရောဂါမျိုးစုံဖြစ်ပွားကာ ကျွန်တော်တို့နိုင်ငံရဲ့ လူ့သက်တမ်းတွေ တိုတောင်းလာနေပါတယ်။ လူသားတို့က နေ့စဉ်လိုအပ်တဲ့ အာဟာရဓာတ်တွေကို ဟင်းသီးဟင်းရွက်၊ အသီးအနှံတွေကသာ အများဆုံးပေးဆပ်နိုင်ပါတယ်။ သို့ပေမဲ့လည်း ဟင်းသီးဟင်းရွက်၊ အသီးအနှံတွေစိုက်ပျိုးရာမှာ ပျိုးမွှားရောဂါကျရောက်မှုအန္တရာယ်ကာကွယ်ဖို့အတွက် ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ပေါင်းသတ်ဆေး စတာတွေကို အလွန်အကျွံသုံးစွဲလာခြင်း၊ နည်းမှန်လမ်းမှန်သုံးစွဲနည်းများကို လိုက်နာဆောင်ရွက်မှုအားနည်းခြင်းတွေကြောင့် စားသုံးသူများအတွက် မလိုလားအပ်တဲ့ဆိုးကျိုးများကို ဖြစ်ပေါ်ရပါတယ်။

စီးပွားရေးလုပ်ငန်းရှင်အချို့ဟာ မိမိတို့ရဲ့အကျိုးစီးပွားကို တိုးတက်ရေးကိုသာရှေးရှုပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရော ဟူသောစိတ်များကြောင့် အများပြည်သူရဲ့ကျန်းမာရေးဖောက်ပြားလာနေခြင်း၊ အသက်များဆုံးရှုံးခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဥပက္ခာပြုကာ ထုတ်လုပ်လာနေကြလို့ စားသုံးသူပြည်သူများ ဒုက္ခရောက်ကြရပါတယ်။ ဒါဟာ တိုင်းပြည်အတွက် အင်မတန်နစ်နာတဲ့ အချက်ဖြစ်ပါတယ်။ ဓာတုဆေးသုံးအစားအသောက်တွေဟာ လူထုကျန်းမာရေးဖောက်ပြားလာတာဟာ အစိုးရကို ဝန်ပိုပိစေပါတယ်။ တိုင်းပြည်ရဲ့လူ့စွမ်းအားအရင်းအမြစ်တွေလည်း ဆုံးရှုံးလာစေပါတယ်။ ကျွန်တော်တို့ ရွှေဘိုခရိုင် ရှစ်မြို့နယ်အတွင်းမှာ စပါးစိုက်ပျိုးမြေဧက ငါးသိန်းကျော်ရှိပြီး သဖန်းဆိပ်ဆည်မှ စိုက်ပျိုးရေကိုအသုံးပြုကာ နှစ်စဉ်မိုးစပါး၊ နွေစပါးတွေကို စိုက်ပျိုးကြပါတယ်။ ၎င်းလယ်ယာမြေတွေကို ယခင်တုန်းက သဘာဝမြေဩဇာတွေသာအသုံးပြုပြီးတော့ မိရိုးဖလာနည်းများဖြင့် စိုက်ပျိုး

ခဲ့ကြသော်လည်းပဲ ၁၉၉၀ ခုနှစ်ဝန်းကျင်ကနေပြီးတော့ ယခုအချိန်ထိ ဓာတ်မြေသြဇာနှင့် ဓာတု ပိုးသတ်ဆေးတွေကို အဓိကအားထားသုံးစွဲလာနေကြပါတယ်။ အရင်းအနှီးအကုန်အကျများတဲ့ ဓာတု သုံးစိုက်ပျိုးနည်းတွေနဲ့ မည်သို့ပင်သုံးစွဲဆောင်ရွက်ပါစေ။ အဖျက်ပိုးမွှားကင်းစင်သွားခြင်း မရှိရုံ သာမက စိုက်ပျိုးမြေရဲ့သဘာဝစွမ်းအားတွေပါကျဆင်းလာတာကိုတွေ့ကြုံလာကြရပါတယ်။

ဒါဟာ နောင်တစ်ချိန်မှာ ဖြေရှင်းရခက်တဲ့ပြဿနာလည်းဖြစ်ပါတယ်။ သီးနှံဖြတ်ပိုးတွေကို ကာကွယ်နှိမ်နင်းရာမှာ ဘေးအန္တရာယ်ကင်းစေဖို့ လိုအပ်မှသာ စနစ်တကျသုံးစွဲဖို့ စိုက်ပျိုးရေးဦးစီး ဌာနက ပညာပေးလမ်းညွှန်ထားသော်လည်း အများစုဟာ သတိပေးချက်တွေကို မျက်ကွယ်ပြုပြီးတော့ အလွန်အကျွံသုံးစွဲလာနေကြလို့ တောင်သူဦးကြီးများနှင့် လယ်ယာမြေသုံး ကျွဲ၊ နွားတိရစ္ဆာန်တွေ ရောဂါဖြစ်ပွားခြင်း၊ သေဆုံးခြင်းတွေကို မကြာခဏကြားသိနေရပါတယ်။ လယ်ယာထွက်ကုန်သီးနှံ မျိုးစုံကို ပြည်ပကိုတင်ပို့ရာမှာလည်း ဓာတုဓာတ်ကြွင်းသီးနှံဖြစ်လို့ ပြည်ပကမဝယ်ယူဘဲ ဝယ်ယူတဲ့နိုင်ငံ အချို့ကလည်း ဈေးကောင်းမပေးကြပါဘူး။ တချို့ကုန်တွေကလည်းပဲ ပြည်ပကနေပြီးတော့ ပြန်ပို့ခံရ တဲ့အခြေအနေထိအောင် ကြုံတွေ့ခံစားနေကြရပါတယ်။ ယခုအခါမှာ GAP စနစ်နဲ့သီးနှံမျိုးစုံကို စိုက်ပျိုးသွားဖို့ စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားထားသော်လည်းပဲ တောင်သူအများစုဟာ လိုက်နာမှု နည်းပါသေးတယ်။ စံချိန်မီသီးနှံပင်များဖြစ်ဖို့အတွက် ရေ၊ မြေ၊ လေ၊ နေရောင်ခြည်လိုအပ်မှုတို့အပြင် မြေပေါ်မြေအောက် အဏုဇီဝသတ္တဝါကွင်းဆက်များ၊ ဂေဟစနစ်လိုအပ်ချက်တွေကို စိုက်ပျိုး ထုတ်လုပ်တဲ့တောင်သူများက စနစ်တကျသိရှိရန် လိုအပ်နေပါတယ်။ ကျွန်တော်တို့ဒေသမှာရှိတဲ့ ချောင်း၊ မြောင်း၊ အင်းအိုင်၊ လယ်ကွင်းတွေထဲမှာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ခန့်က ရေနေသတ္တဝါမျိုးစုံ ရှိနေခဲ့ပြီး အခုအခါမှာတော့ သိသိသာသာလျော့နည်းပျောက်ကွယ်သွားပြီ ဖြစ်ပါတယ်။ မမြင်နိုင်တဲ့ မိတ်ဖက်အဏုဇီဝသတ္တဝါတွေအပြင် မြင်နိုင်တဲ့မိတ်ဖက်သတ္တဝါတွေလည်း သေကြေပျက်စီးကြသလို ဂေဟစနစ်တွေပျက်စီးလာတဲ့အတွက် အနာဂတ်စိုက်ပျိုးရေးဟာ အလွန်ရင်လေးစရာကောင်းလှ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ မြန်မာနိုင်ငံမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍ အတွက် တစ်နှစ်လျှင်ပိုးသတ်ဆေးတန်ချိန် ၃၀၀၀၀ ကျော်သုံးစွဲလျက်ရှိပါတယ်။ လူနှင့်သတ္တဝါများ အတွက် အန္တရာယ်ဖြစ်စေတဲ့ ပိုးသတ်ဆေး ၃၉ မျိုးကို သုံးစွဲခြင်းမပြုရန် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးကနေ တားမြစ်ထားသော်လည်းပဲ မြန်မာနိုင်ငံမှာ ဝိသမလောဘစီးပွားရေးသမားများကနေ တားမြစ်ချက်

တွေကို လိုက်နာခြင်းမရှိဘဲ အခြားနိုင်ငံတွေမှာ သုံးစွဲခြင်းမရှိတဲ့ ပြင်းအားများတဲ့ဓာတုဆေးတွေကို မှောင်ခိုလမ်းကြောင်းကနေပြီးတော့ တင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိပါတယ်။ ဒါတွေကို သက်ဆိုင်ရာ အစိုးရဌာနတွေက စနစ်တကျပူးပေါင်းစိစစ်ကြပ်မတ်ပြီးတော့ ဥပဒေနဲ့မညီတဲ့ စံချိန်လွန်ဆေးဝါး တွေကို ဖမ်းဆီးခြင်း၊ ပြင်းပြင်းထန်ထန်အရေးကြီးယူခြင်းတွေကို ဆောင်ရွက်သွားဖို့ အထူးလိုအပ်မှာ ဖြစ်ပါတယ်။ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးရဲ့ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ ၂၅ သန်းခန့်ဟာ ဓာတု ပိုးသတ်ဆေးအဆိပ်သင့်မှုအန္တရာယ်ကို ခံစားနေကြရပါတယ်။ ကမ္ဘာပေါ်မှာ ပိုးသတ်ဆေးအဆိပ်သင့် လို့ လူဦးရေ ၂၀၀၀၀ ကျော်ဟာ နှစ်စဉ်သေဆုံးနေရတဲ့အပြင် တစ်ရှိန်ထိုးသုံးစွဲလာကြလေလေ၊ သက်ရှိ လူနှင့်သတ္တဝါတွေရဲ့ အသက်အန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဂေဟစနစ်ပျက်စီးမှု တွေဟာ ပိုမိုကြီးထွားလေလေ ဖြစ်လာမှာဖြစ်ပါတယ်။

အချို့သောပိုးသတ်ဆေးတွေဟာ သီးနှံစိုက်ခင်းများကိုပက်ဖျန်းပြီး သတ်မှတ်ချိန်ကာလ ကျော်လွန်မှသာ ဆွတ်ခူးရောင်းချရမှာဖြစ်သော်လည်းပဲ စိုက်ပျိုးသူတောင်သူအများစုဟာ စီးပွားရေး တွက်ခြေကိုက်မှုကိုသာကြည့်ပြီးတော့ အချိန်မစောင့်ဘဲနဲ့ ရောင်းချနေကြတဲ့အတွက် စားသုံးသူများ အတွက်အန္တရာယ်ရှိပြီးတဲ့အခါမှာ ရောဂါမျိုးစုံကို ဖိတ်ခေါ်နေသလိုဖြစ်ပါတယ်။ ၁၉၈၇ ခုနှစ်ကနေ ပြီးတော့ ၂၀၁၂ ခုနှစ်အတွင်းမှာ မြန်မာနိုင်ငံရဲ့ ရေကောင်းရေသန့်များပျက်စီးဆုံးရှုံးမှုရဲ့ ၉၈ ရာခိုင်နှုန်း ဟာ လယ်ယာမြေကဏ္ဍမှာ ဓာတုသုံးပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးနဲ့ ဓာတ်မြေဩဇာကို စနစ်တကျ အသုံးမပြုခဲ့ခြင်းကြောင့်လို့ ပညာရှင်သုတေသီတွေက သုံးသပ်ထားပါတယ်။ ဓာတ်မြေဩဇာနဲ့ ပိုးသတ်ဆေးသုံးစွဲမှုအပိုင်းမှာ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ရင် မြန်မာနိုင်ငံဟာ အလွန်နည်းပါးသော် လည်းပဲ မြန်မာ့စိုက်ပျိုးထုတ်ကုန်များဟာ နိုင်ငံတကာအဆင့်မမီခြင်း၊ အခြားနိုင်ငံများရဲ့ ယုံကြည် စိတ်ချမှုမရှိခြင်းတို့ဟာ ဓာတ်မြေဩဇာနဲ့ပိုးသတ်ဆေးသုံးစွဲမှုအပိုင်းမှာ စနစ်မကျခြင်း၊ အားနည်းချက် တွေရှိနေခြင်းလို့သာ အသေအချာပြောနိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြလိုတာကတော့ လယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာနအနေနဲ့ ဒေသအလိုက်မြေဆီလွှာအခြေအနေတွေကို ဓာတ်ခွဲစမ်းသပ်ပြီးတဲ့ အခါမှာ အပင်များလိုအပ်ချက်အပေါ်မှာ မြေချဉ်၊ ငန်ဓာတ်ကိန်းတွေကို ဓာတ်ညွှန်းကိန်းအလိုက် သုံးစွဲရမည့်ဓာတ်မြေဩဇာအမျိုးအစားပမာဏ၊ အချိန်ကာလ၊ နေရာစတာတွေကို တွက်ချက် ပေးသင့်ပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် ပိုးသတ်ဆေးနဲ့ဓာတ်မြေဩဇာတွေကို စနစ်တကျလျှော့ချသုံးစွဲစေပြီး သဘာဝပိုးသတ်ဆေး၊ ဇီဝပိုးသတ်ဆေး၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာတွေကို တွင်တွင်ကျယ်ကျယ်ရရှိအသုံးပြုနိုင်အောင် မြန်မာ့တောင်သူဦးကြီးများကို ကူညီပံ့ပိုးဖို့လိုမှာဖြစ်ပါတယ်။ သတ်မှတ်စံချိန်စံညွှန်းမမီတဲ့ ဓာတုသုံးပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေကို နိုင်ငံတကာကနေ တင်သွင်းမလာနိုင်အောင် ပြင်းပြင်းထန်ထန်ပိတ်ဆို့ထားဖို့ လိုအပ်မှာဖြစ်ပြီး ပြည်တွင်းမှာလည်းပဲ စံချိန်မီအရည်အသွေးကောင်း ပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေကိုထုတ်လုပ်နိုင်တဲ့ အဆင့်မြင့်စက်ရုံတွေကို တွင်ကျယ်စွာထုတ်လုပ်ပေးနိုင်ရေးကို စီစဉ်ဆောင်ရွက်သွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ အလားတူစွာ တစ်ဖက်မှာလည်းပဲ စားသုံးသူရေးရာဦးစီးဌာနကနေပြီးတော့ စားသုံးသည့်ဟင်းသီးဟင်းရွက်၊ အသီးအနှံတွေနဲ့ဆက်စပ်တဲ့ စားသောက်ကုန်တွေကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးနိုင်အောင် ဆောင်ရွက်စေပြီး လုပ်ပိုင်ခွင့်နှင့်အတူ လိုအပ်ပါက ဥပဒေတွေပြဋ္ဌာန်းပြီးတော့ စီမံဆောင်ရွက်သည့် အခွင့်အရေးတွေပေးထားဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောရရင် ဓာတုပိုးသတ်ဆေး ဓာတ်မြေဩဇာထုတ်လုပ်သူများ၊ တင်သွင်းသူများနှင့် စိုက်ပျိုးထုတ်လုပ်သူတောင်သူများဟာ မိမိတို့ဘဝရပ်တည်ရေးအတွက် ထုတ်လုပ်နေကြသလို မိမိတို့လုပ်ငန်းကနေပြီးတော့ စားသုံးသူများရဲ့ အသက်နဲ့ကျန်းမာရေးအတွက် တာဝန်ခံနိုင်စေရန် ဆောင်ရွက်သွားဖို့လိုအပ်မှာဖြစ်ပြီး ထုတ်လုပ်ပြီး ဟင်းသီးဟင်းရွက်နဲ့ အသီးအနှံတွေဟာ စားသုံးသူတွေအတွက် ဘေးဥပဒ်အန္တရာယ်မရှိစေရေး၊ ကျန်းမာရေးအထောက်အကူဖြစ်စေရေးတို့ကို တာဝန်ယူဖို့လိုအပ်မှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့အတွက် ဓာတုသုံးပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေကို တင်သွင်းခြင်း၊ ထုတ်လုပ်ခြင်းတွေကို နိုင်ငံတော်အစိုးရက စိစစ်ကြပ်မတ်ပေးရန်လိုအပ်ပြီး ဥပဒေနဲ့တားမြစ်ထားတဲ့ စိုက်ပျိုးရေးသုံး ဓာတုဆေးတင်သွင်းခြင်းကို ထိထိရောက်ရောက်ဖမ်းဆီးအရေးယူခြင်း၊ ခွင့်ပြုထားတဲ့ ဓာတုပိုးသတ်ဆေးနဲ့ ဓာတ်မြေဩဇာတွေကို တောင်သူဦးကြီးများက နည်းမှန်၊ လမ်းမှန်သုံးစွဲတတ်အောင် နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်ပေးရန် ဒီအဆိုကို တင်သွင်းလိုက်ရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်သိန်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာခင်မောင်သင်း(အရာတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ အရာတော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်သင်း ဖြစ်ပါတယ်။ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းရဲ့ ဂေဟစနစ်မပျက်စီးရေးအတွက် ဓာတ်မြေဩဇာနှင့် စိုက်ပျိုးရေးသုံးဆေးဝါးများ စနစ်တကျသုံးစွဲရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုကို လေ့လာကြည့်မယ်ဆိုရင် အဆိုရှင်က စိုးရိမ်ဖွယ်ရာအန္တရာယ်အချက်သုံးချက်ကို ထောက်ပြဆွေးနွေးခဲ့ပါတယ်။ (၁) ကျွန်တော်တို့နေ့စဉ်စားသုံးနေရသော အသီးအရွက်၊ သစ်သီးဝလံများအတွက် ဓာတုဆေးဝါးအန္တရာယ်၊ (၂) ထိုသီးနှံများ ရောင်းတန်းဝင်ရန် အသုံးပြုသော ဓာတုဆေးဝါးအန္တရာယ်၊ (၃) စိုက်ပျိုးမြေများနှင့်ဓာတုဆေးဝါးအန္တရာယ်တို့ ဖြစ်ပါတယ်။ အဓိကဆွေးနွေးလိုတာကတော့ အစားအသောက်နှင့် စိုက်ပျိုးမြေဘေးကင်းလုံခြုံရေးတို့ဖြစ်ပါတယ်။ ကျွန်တော်တို့လူသားများဟာ အသက်ရှည်ရှည်နဲ့ကြီးထွားကြံ့ခိုင်ဖို့ အာဟာရပြည့်ဝတဲ့အစားအစာများကို နေ့စဉ်စားသုံးရပါတယ်။ ထုတ်လုပ်မှုအဆင့်ဆင့်ကို ဖြတ်သန်းပြီး စားသုံးသူထံရောက်ရှိလာတဲ့ ဓာတုဆေးဝါးများကို အကျဉ်းချုံးပြီး ထောက်ပြဆွေးနွေးလိုပါတယ်။ ကျွန်တော်တို့ဒေသမှာ ပဲစင်းငုံသီးနှံများကို သိုလှောင်ရာတွင် ပိုးမကျစေရန်အတွက် သုံးတဲ့ ဆဲ(လ်)ဖော့ဆေးပြားဟာ အလွန်ပြင်းထန်ပါတယ်။ အဲဒီဆေးသောက်ပြီး သေကြောင်းကြံသူတွေ များစွာရှိပါတယ်။ နောက် မှောင်ခိုဝင်လာတဲ့ ဆိုင်ရင်းဆေးရည်ဟာလည်း အလွန်ပြင်းထန်ပါတယ်။ အဲဒီဆေးရည်သောက်လိုက်ရင်လည်း ဆေးရုံ ကို အချိန်မီမရောက်ရင် သေဆုံးတာများပါတယ်။ အဲဒီနောက် ဖော်လီတောဆေးကလည်း သောက်ရင် သေတာပါပဲ။ အခြားလူသေစေနိုင်တဲ့စိုက်ပျိုးရေးဆေးများစွာရှိပါသေးတယ်။ ၎င်းဆေးဝါးများကို နိုင်ငံတော်က ခွင့်မပြုလည်း မှောင်ခိုဈေးကွက်မှာ အလွယ်တကူဝယ်ယူနိုင်ပါတယ်။ စိုက်ပျိုးရေးသုံး ဓာတုဆေးဝါးများဟာ လိုအပ်ချက်အရ ပေါ်ပေါက်လာခြင်းဖြစ်ပြီး စနစ်တကျသုံးတတ်ရင် အကျိုးရှိပါတယ်။ ဒါပေမဲ့ သုံးစွဲထုတ်လုပ်သူများက လွဲမှားစွာအသုံးပြုတာကြောင့် ဓာတုအဆိပ်သင့်ရတာ ဖြစ်ပါတယ်။ သီးနှံအထွက်တိုးစေရန် ဓာတ်မြေဩဇာအလွန်အကျွံသုံးစွဲခြင်းဖြင့် မြေရဲ့အနေအထား ပျက်စီးပြီး ရေရှည်သုံးမရဖြစ်သွားပါတယ်။ ကျွန်တော်တို့နိုင်ငံတွင် မြေငှားခပေးပြီး ဖရဲသီးနှင့် တစ်ရှူးငှက်ပျောစသည်တို့ တရုတ်ပြည်မှလာစိုက်ကြပါတယ်။ ၎င်းတို့စိုက်ပျိုးအသုံးပြုသောမြေများဟာ အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှုမရှိတော့ကြောင်း ကြားသိရပါတယ်။ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊

ပေါင်းသတ်ဆေးနဲ့ ဓာတ်မြေဩဇာများ အလွန်အကျွံသုံး၍ စိုက်ပျိုးမြေရဲ့သဘာဝအနေအထားများ ပျက်ယွင်းသွားပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်ပေမဲ့ တောင်သူလယ်သမားများ ဟာ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်နဲ့ ဓာတုဆေးဝါးအသုံးပြုမှု၊ ဓာတ်မြေဩဇာအသုံးပြုမှုတို့ကို မသိကြပါ။ ကိုယ်အသုံးပြုနေတဲ့မြေရဲ့အချဉ်ဓာတ်၊ အငန်ဓာတ်အမျိုးအစားကိုလည်း မသိကြပါ။ စမ်းသပ်ကြည့်လို့ရမှန်းလည်း မသိကြပါ။ တောင်သူလယ်သမားများကို စိုက်ပျိုးရေးအသိပညာပေးဖို့ နိုင်ငံတော်မှာ တာဝန်ရှိပါတယ်။

သီးနှံအထွက်တိုးဖို့ ဓာတုဆေးများကို လွန်ကဲစွာသုံးတဲ့အတွက် သီးနှံများတွင် ဓာတုဓာတ်ကြွင်း များ ပါသွားပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း ဒုတိယ အများဆုံးဖြစ်ပါတယ်။ နိုက်ထရိုက်မြေဩဇာကို လွန်ကဲစွာသုံးပါက နိုက်ထရိုက်သည် ခန္ဓာကိုယ်တွင် ဓာတ်ပြောင်းပြီး ကင်ဆာဖြစ်စေနိုင်ကြောင်းကို တိရစ္ဆာန်များနှင့် စမ်းသပ်ရာတွင် တွေ့ရှိရကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ရွာတွင် ကွမ်းရွက်များ အကြီးအကျယ်စိုက်ပျိုးပါတယ်။ အင်မတန်နုနယ် တဲ့အရွက်ဖြစ်လို့ ပိုးသတ်ဆေးမျိုးစုံသုံးရပါတယ်။ အာမိုမြေဆီကိုလည်း လွန်ကဲစွာသုံးကြပါတယ်။ ပိုးသတ်ဆေးကို မကြာခဏဖြန်းပေးရာကနေ အာရုံကြောထိခိုက်ပြီး လမ်းမလျှောက်နိုင်ဖြစ်သွားတဲ့ ခြံလုပ်ငန်းလုပ်သူလူငယ်များကို ကျွန်တော်ကိုယ်တိုင်တွေ့ဖူးပါတယ်။ စားသောက်ကုန်များမှာ ဓာတု ဆေးဝါးများအန္တရာယ် တတ်နိုင်သမျှနည်းပါးအောင် ကြိုးစားရပါမယ်။ သဘာဝမြေဩဇာဖြစ်တဲ့ မြေဆွေး၊ နွားချေး၊ သိုးချေး၊ ဆိတ်ချေးစသည်တို့ကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ လုံလောက်စွာသုံးစွဲနိုင် အောင် နိုင်ငံတော်မှ ပံ့ပိုးသင့်ပါတယ်။ အော်ဂဲနစ်သီးနှံများကို ဈေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးထုတ်လုပ် နိုင်ရေးအတွက် အကူအညီပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခူးဆွတ်ပြီးလို့ရောင်းချသူများနှင့် စားသုံးရန်ကြိတ်ခွဲထုတ်လုပ်သူများအနေနဲ့ ရောင်းတန်းလှအောင်၊ တာရှည်ခံအောင်၊ အမြတ်ရအောင် ဓာတုဆေးဝါးသုံးခြင်း၊ အရောင်ဆိုးခြင်း၊ ထည့်သွင်းကြိတ်ခွဲခြင်းများကို ပြုလုပ်ကြတဲ့အတွက် စားသုံးသူများ ဓာတုအဆိပ်သင့်ကြပါတယ်။ စိုက်ပျိုး ထုတ်လုပ်သူများ အမြတ်စွန်းအဓိကထားတဲ့အတွက် စားသုံးသူများ ဓာတုအဆိပ်သင့်တာကတော့ ငြင်းဖွယ်ရာမရှိပါဘူး။ တိကျသေချာတဲ့စာရင်းအချက်အလက်ကတော့ အားနည်းဆဲပဲဖြစ်ပါတယ်။ သင့်တော်မှန်ကန်သော စိုက်ပျိုးရေးသုံးဓာတုဆေးဝါးများကို မှန်ကန်သောမြေ၊ သီးနှံအချိန်နှင့် သုံးစွဲ ရမယ့်ပမာဏတို့ကို စနစ်တကျသင်ကြားပြီး လက်တွေ့သုံးစွဲမယ်ဆိုရင် စားသုံးသူများ ဓာတုဆေးဝါး ဓာတ်ကြွင်းအန္တရာယ်ကို ရှောင်ဖယ်နိုင်မှာဖြစ်ပါတယ်။ နိဂုံးချုပ်ပြောလိုတာကတော့ စားသုံးသူ

ကာကွယ်ရေးဥပဒေများနှင့်အညီ နည်းဥပဒေ၊ ညွှန်ကြားချက်များအတိုင်း တာဝန်ရှိသူများအနေနဲ့ တောင်သူလယ်သမားများနှင့် ခေတ်ပုံစံကင်းစင်စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးကို ပူးပေါင်းကူညီ ဆောင်ရွက်သင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးမြင့်သိန်း တင်သွင်းသွားတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးမြင့်သိန်း၊ ဝက်လက်မဲဆန္ဒနယ်က တင်သွင်းသော စိုက်ပျိုးရေးထုတ်ကုန်အစားအစာများ ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် ဂေဟစနစ်မပျက်စီးရေးအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ စနစ်တကျသုံးစွဲတတ်အောင် လေ့ကျင့်သင်ကြားပေးရန်နှင့် အပြင်းစားဆေးများ တင်သွင်းဖြန့်ဖြူး ရောင်းချခြင်းကို စိစစ်ကြပ်မတ်တားဆီးပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းသည့်အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**ဦးမြင့်သိန်း၊ ဝက်လက်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ ယင်းအဆို နှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၆-၇-၂၀၁၉ ရက်(သောကြာနေ့)ညနေ ၄ နာရီနောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် မြန်မာ နိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအားဆွေးနွေးခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၅-၆-၂၀၁၉ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း၊ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၇-၆-၂၀၁၉ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများက တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ၊ အစဉ်အလိုက် အတည်ပြုနိုင်ရေး ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀၊ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် (၉၃)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဝေလှိုင်ထွန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာတဲ့သူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဝေလှိုင်ထွန်း

ဖြစ်ပါတယ်။ ကျွန်တော်ဒီနေ့တင်သွင်းမည့်အဆိုကတော့ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှ အတည်ပြုပေးပါရန် အဆိုတင်သွင်းပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းတဲ့ မြန်မာနိုင်ငံ ဘူမိသိပ္ပံကောင်စီ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀၊ နည်းဥပဒေခွဲ (က)အရ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးရန် ပေးပို့လာပါတယ်။ အဲဒီဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ဖြစ်တဲ့ ၅-၆-၂၀၁၉ ရက်နေ့(ဗုဒ္ဓဟူးနေ့) မှာ လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ် လေ့လာတွေ့ရှိချက် အစီရင်ခံစာကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၇-၆-၂၀၁၉ ရက်နေ့(သောကြာနေ့)ကို နောက်ဆုံးထားပြီး တင်သွင်းနိုင်ကြောင်း ကြေညာတဲ့အခါမှာ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးဖို့ ပြင်ဆင်ချက်အဆိုများကို တင်သွင်း လာပါတယ်။ အဲဒီကိုယ်စားလှယ်များကတော့ ဗိုလ်မှူးမိုးမြင့်အောင်နဲ့ ဗိုလ်မှူးထင်လင်းဦးတို့ ဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ၁၁-၇-၂၀၁၉ ရက်နေ့(ကြာသပတေးနေ့)မှာ ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးနှင့် ပြည်သူ့လွှတ်တော် နိုင်ငံသားများရဲ့ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်လည်းကောင်း။ ၁၃-၇-၂၀၁၉ ရက်နေ့ (စနေနေ့)ပါဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုတင်သွင်းသူ တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်နှစ်ဦး၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ် များနှင့်ညှိနှိုင်းပြီးတော့ အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ အဲဒီညှိနှိုင်းအစည်းအဝေးမှာ သဘောတူ ဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန် (၉၃)ချက်ကို အခု လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြချက်ဇယားနှင့်ဖြန့်ဝေထားပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့်

မို့လို့ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ရန် တင်ပြချက်(၉၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြတဲ့အချက်တွေကို လွှတ်တော်ကအတည်ပြုပေးပါရန် လေးစားစွာ တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံဘူမိသိပ္ပံ ကောင်စီဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် (၉၃)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာ နိုင်ငံဘူမိသိပ္ပံ ကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် (၉၃)ချက်ကို ဥပဒေကြမ်းကော်မတီ ၏ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော မြန်မာနိုင်ငံဘူမိသိပ္ပံ ကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံ ကောင်စီဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြု ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသော မြန်မာနိုင်ငံဘူမိသိပ္ပံ ကောင်စီဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြု ကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၄၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂၅.၇.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Aung Kyaw Kyaw Oo    U Kyaw Myo




U Win Win    U Kyaw Myo




U Kyaw Shwe    U Kyaw Myo




U Hla Kyaw    U Than Nyunt




U Hla Kyaw    U Kyaw Myint




U Hla Kyaw    U Tun Tun Naing

pyithu.hluttaw.mm



U Hla Kyaw



U Ohn Lwin

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်